ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ သောကြာနေ့၊ (8-8-2003) (၃၉၅၆)

ပူဇာစ ပူဇနေယျာနံ့ တော် မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။



မြင်းမူလက်ပန်ရေလှောင်တမံ တည်ဆောက် ဝါနွမ်းပဲ တစ်နှစ်ပတ်လုံး စိုက်နိုင်မည် စိုက်ပျိုးရေနှင့် သောက်သုံးရေပါ ဖူလုံစေမည်

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်
ဓာတ်ပုံမှတ်တမ်းတင်–အောင်မိုး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် သီးနှံပိုမိုထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်းပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အချို့နေရာဒေသများတွင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာသီးနှံ စိုက်ပျိုးတိုးတက်ရေးအတွက်သာမက ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေးအတွက်ပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေအခက်အခဲ

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်သည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၂၇ဒသမ ၀၅လက်မခန့်သာ ရွာသွန်းပြီး မိုးရာသီတွင်ပင် စိုက်ပျိုးရေ အလုံအလောက် မရရှိနိုင်ဘဲရှိသည့်အပြင် နွေရာသီ၌ စိုက်ပျိုးရေအခက်အခဲ ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့သောအကြောင်းများကိုမူတည်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဒေသအလိုက် စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ရာ စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် တောချောင်းဦးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ လက်ပန်ချောင်းပေါ်တွင် မြေသားတမံတစ်ခုတည်ဆောက်၍ ဆည်ရေပေးရန် လေ့လာတွေ့ရှိခဲ့သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အမေရိကန်နိုင်ငံ Georgetown University **မှ** Professor, David I. Steinberg **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၂၁၀၇၅၆

အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် အမေရိကန်နိုင်ငံ ဂျော့ချ်တောင်းတက္ကသိုလ်မှ ပါမောက္ခအားလက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အမေရိကန်နိုင်ငံ Georgetown University **မှ** Professor, David I. Steinberg **အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အချိန်မီ ပြီးစီးရေး ဆောင်ရွက်

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်တွင် တည်ဆောက်လျက်ရှိသော လက်ပန် ရေလှောင်တမံစီမံကိန်းအရ မြေကြီးလုပ်ငန်းများကို ယန္တရားကြီးများဖြင့် သတ်မှတ်ကာလ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–
အောင်မိုး(ကြေးမုံ)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၈-၈-၂၀၀၃
(သောကြာနေ့)

လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန် လူမှုရေး၊စီးပွားရေးအကျိုးရလဒ်ကောင်းများဖြစ်ထွန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ ဘက်စုံထောင့်စုံမှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပေါ်ထွန်းလာသည့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခံစားရရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံတကာဧည့်သည်များဝင်ထွက်သွားလာမှု တစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာလျက်ရှိနေရာ တိုးတက်များပြားလာသည့် နိုင်ငံခြားခရီးသည်များနှင့် ပြည်တွင်းခရီးသွားပြည်သူများ လွယ်လင့်တကူ သွားလာနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်နေသော ခေတ်မီလေယာဉ်ကွင်းများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိနေသည်။

ထို့ကြောင့် ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်အပြင် ဂျက်လေယာဉ်ကြီးများဆင်းသက်နိုင်သော မြစ်ကြီးနား၊ ကျိုင်းတုံ၊တာချီလိတ်၊ကော့သောင်း၊မြိတ်၊စစ်တွေ၊အမ်းစသည့် လေယာဉ်ကွင်းများ ပေါ်ထွက်လာပြီဖြစ်သည်။

အလားတူစစ်ကိုင်းတိုင်းအတွင်း လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးအတွက် မုံရွာလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းနှင့် ဟုမ္မလင်းလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ခဲ့ရာ ဟုမ္မလင်းလေယာဉ်ကွင်း တည်ဆောက်မှုလုပ်ငန်း ပြီးစီးသွားပြီဖြစ်၍ ဩဂုတ်လ ၃ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဟုမ္မလင်း လေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက ယခုကဲ့သို့လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် တိုင်းအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ပြီး ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုအကျိုးရလဒ်ကောင်းများ ရရှိစေမည်ဖြစ်သည့်အပြင် စစ်ကိုင်းတိုင်း၏ မြင့်မားတိုးတက်နေသော စီးပွားရေး၊လူမှုရေး အခြေအနေများကို အရှိန်အဟုန်ရှိရှိပိုမိုမြင့်တင်ပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသွားသည်။

ယခုဖွင့်လှစ်လိုက်သည့် ဟုမ္မလင်းလေဆိပ်သည် ယခင်ခေတ်ကာလကတွင်အော်တာလေယာဉ်ငယ်များသာ ဆင်းသက်ဖူးသည့် ပေ ၂၈၀၀ အရှည်ရှိ ကျောက်စရစ်ရော မြေနီလေယာဉ်ကွင်းငယ် တစ်ခုသာဖြစ်ခဲ့သည်။ ယင်းသို့ ခေတ်မီလေယာဉ်များ အသုံးမပြုနိုင်သည့် အတွက် ဟုမ္မလင်း၊လေရှီးနှင့် ထမံသီဒေသနေ ပြည်သူများသည် ချင်းတွင်းမြစ်ရေကြောင်းလမ်းနှင့် ရေဦး-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးကားလမ်းကိုသာ ခက်ခက်ခဲခဲ အသုံးပြု သွားလာခဲ့ရသည်။

ယခုအခါ ဟုမ္မလင်းလေယာဉ်ကွင်းကို ခေတ်မီလေယာဉ်ကွင်းအဖြစ်အဆင့်မြှင့်ပြီး ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ခေတ်မီလေယာဉ်များ တက်ဆင်းအသုံးပြုနိုင်တော့မည်ဖြစ်သဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဝန်ထမ်းများ လွယ်လင့်တကူ မြန်ဆန်စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် လေယာဉ်ကွင်းသစ်များ တိုးချဲ့တည်ဆောက်ပေးမှုများ၊ လေယာဉ်ပြေးလမ်းအဆင့်မြှင့်တိုးချဲ့ပေးမှုများ၊ လေဆိပ်အဆောက်အအုံများ အဆင့်မြှင့်ပြုပြင်တည်ဆောက်ပေးမှုများစသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည်။

ယင်းကဲ့သို့ လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုကြောင့် ၁၉၈၈ခုနှစ်က လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သော လေယာဉ်ကွင်းပေါင်း ၂၁ ကွင်းသာရှိခဲ့ရာမှ ယခုအခါ ဟုမ္မလင်းလေယာဉ်ကွင်း အပါအဝင် လေယာဉ်ကွင်း ၂၆ ကွင်းအထိ ရှိလာပြီဖြစ်သည်။ ယခင်က ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းခြောက်ကွင်းသာရှိခဲ့ပြီး ယခုအခါ ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်ဆင်းသက်နိုင်သော လေယာဉ်ကွင်း ၁၇ ကွင်းအထိ ရှိလာခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ခေတ်မီ လေယာဉ်ကွင်းများ အပါအဝင် လမ်း၊ တံတားများကို ငွေကြေးအကုန်အကျများစွာ ကျခံဆောင်ရွက်ပေးမှုကြောင့် တိုင်းရင်းသားပြည်သူများ စိတ်ချမ်းမြေ့စွာ ကူးလူးဆက်သွယ်သွားလာ နိုင်ကြပြီဖြစ်ရာ လူမှုရေး၊ စီးပွားရေးအကျိုးရလဒ်ကောင်းများ တိုးတက်ဖြစ်ထွန်းလာလျက်ရှိသည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့တွင် သင်တန်းသားများလျှောက်လွှာခေါ်ယူ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)**ကို ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင်** B.E(Naval Architecture)၊ B.E (Marine Engineering)၊ B.E (Port & Harbour Engineering)၊ B.E (River & Ocean Engineering)၊B.E (Marine Electrical Systems & Electronics)၊B.Sc.(Hons) (Nautical Science)**သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဘွဲ့သင်တန်းတစ်ခုချင်းအတွက်သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် (Myanmar Aerospace Engineering University)ကို ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် B.E (Aerospace - Propulsion & Flight Vehicles)၊ B.E (Aerospace - Avionics)၊ B.E (Aerospace- Electrical Systems and Instrumentation)နှင့် B.E (Aerospace Fuel & Propellant Engineering) သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဘွဲ့သင်တန်းတစ်ခုချင်းအတွက် သင်တန်းကာလမှာ ငါးနှစ်ဖြစ်သည်။

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တွင် Diploma in Engine & Airframe Technology၊ Diploma in Avionic Technology နှင့် Diploma in Electrical & Instrumentation Technology ဘွဲ့ကြိုနည်းပညာဒီပလိုမာသင်တန်းသုံးခုကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းတစ်ခုချင်းအတွက် သင်တန်းကာလမှာ နှစ်နှစ်ဖြစ်သည်။

ယင်းတက္ကသိုလ်များသို့ အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသော အမျိုးသားများ လျှောက်ထားနိုင်သည်။ (က)ဘွဲ့သင်တန်းများအတွက် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ် ၃၈၁မှတ်နှင့် အထက်ရရှိပြီး အောက်ပါဘာသာတွဲများဖြင့် အောင်မြင်ခဲ့သူ ဖြစ်ရမည်ဖြစ်သည်။ (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သမိုင်း (၃)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ စိတ်ကြိုက်မြန်မာစာ (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (ခ)ဘွဲ့ကြိုဒီပလိုမာသင်တန်းများအတွက် အမှတ်ကန့်သတ်ချက် မရှိပါ။ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအပြင် ယခင်နှစ်များက သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များ ပါဝင်သော ဘာသာတွဲတစ်ခုခုဖြင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများပါ လျှောက်ထားနိုင်သည်။ (ဂ) လျှောက်ထားသူသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ (ဃ) ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ရမည်။ (င)လူတွေ့ စစ်ဆေးခြင်းခံယူရမည်။ (စ)တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ၁၂-၈-၂၀၀၃ ရက်မှ ၁-၉-၂၀၀၃ရက်အထိ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ဝင်ခွင့်လျှောက်လွှာအိတ်တွင် တစ်ပါတည်း ထည့်သွင်း၍ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာ ဦးစီးဌာန-အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့ကထုတ်ပေးသော အမှတ်စာရင်း မိတ္တူကို ပူးတွဲ၍တင်ပြရမည်ဖြစ်ပြီး မူရင်းကို လူတွေ့စစ်ဆေးခြင်းခံယူရန်အတွက် သတင်းပို့သော အခါ ယူဆောင်လာရမည်ဖြစ်သည်။ [၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများသည် သတ်မှတ်လျှောက်လွှာများကို တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ် ထုတ်ပေးသည့် စာစစ်ဌာနကြီးကြပ်ရေးမှူး (အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ)ထံတွင်ရယူနိုင်သည်။](ဆ) ၂၀၀၃ ခုနှစ်မတိုင်မီ တက္ကသိုလ် ဝင်စာမေးပွဲ အောင်မြင်ပြီးဘွဲ့ကြို နည်းပညာဒီပလိုမာသင်တန်းများသို့ လျှောက်ထားလိုသူများသည် သတ်မှတ်လျှောက်လွှာများကို စာစစ်ဌာန ကြီးကြပ်ရေးမှူး (အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ) များထံတွင် ရယူနိုင်သည်။ ထို့နောက် လျှောက်လွှာကို သီးခြားစာအိတ်တွင် ထည့်သွင်းပြီး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာ ဦးစီးဌာန -အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်းမိတ္တူကို ပူးတွဲ၍ တင်ပြရမည်ဖြစ်ပြီးမူရင်းကို လူတွေ့ စစ်ဆေးခြင်းခံယူရန်အတွက် သတင်းပို့သော အခါ ယူဆောင် လာရမည်ဖြစ်သည်။ (ဇ) အကယ်၍ ဖော်ပြပါ တက္ကသိုလ်နှစ်ခုသို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာထားသောနည်းလမ်းအတိုင်း ကျန်တက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်သည်။

အသေးစိတ်သိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ် ရန်ကုန်မြို့ ဖုန်း-၅၀၃၁၄၇၊ ၅၂၅၆၁၂၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဆင်မလိုက် ကမာရွတ် ရန်ကုန်မြို့ ဖုန်း-၅၃၉၄၇၃၊ ၅၃၉၄၇၅နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၂၂၀၁၊ ၀၆၄-၂၂၂၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ကြရန် နှိုးဆော်

ရန်ကုန် ဩဂုတ် ၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀)နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာ ကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုများကို ပညာရေးပြက္ခဒိန်ရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃-၂၀၀၄ခု ပညာသင်နှစ်ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေးသီတင်းပတ် အဖြစ်၂၀၀၃ခုနှစ် ဩဂုတ် ၁ရက်မှ၁၆ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်း အားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းရပ်များကို ကြပ်မတ်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)

ရွှေနေချုပ်ရုံးဓမ္မာရုံ၌ ခန္တီ့စွမ်းအားကံတရား ဟောကြားမည်

ရန်ကုန် ဩဂုတ် ၇

ရွှေနေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းမှ ကြီးမှူး၍ ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဧည့်ပါမောက္ခ)က ဗဟန်း(၂)လမ်းရှိ ရွှေနေချုပ်ရုံး ဓမ္မာရုံတွင် ဝါတွင်းလပြည့်၊ လကွယ်ရက်များ၏ အဖိတ်နေ့များတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။

ဩဂုတ် ၁၁ရက် ည ၆ နာရီခွဲတွင် ခန္တီ့စွမ်းအားကံတရား အကြောင်းကို ဟောကြားမည်ဖြစ်ရာ ဗဟန်း(၂)လမ်းထိပ်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံသို့ မည်သူမဆို တက်ရောက် နာယူနိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေကံ့ကော် နဝမတန်း ပင်ရင်းမြန်မာစာ သင်ရိုးစုံ ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၇

မြန်မာစာတွဲဖက်ပါမောက္ခ ဦးလှထွန်းရေးသားသည့် ရွှေကံ့ကော် နဝမတန်း ပင်ရင်းမြန်မာစာ သင်ရိုးအပြည့်အစုံ(ဖြည့်စွက်သင်ရိုးအပါအဝင်)ကို ရွှေကံ့ကော်စာပေ ၆၅-ဘဏ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်၊ ဖုန်း-၇၀၀၇၄၁နှင့် ၇၂၀၇၇၅တို့က ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ဩဂုတ်လအတွက်
၁၀-၈-၂၀၀၃ရက်နေ့
နှင့်
၃၁-၈-၂၀၀၃ရက်နေ့

ဖော်လူဂျာမြို့ ရဲစခန်းအား ပစ်ခတ်တိုက်ခိုက် အမေရိကန်တပ်သား နှစ်ဦးထက်မနည်း ဒဏ်ရာရ

ဖော်လူဂျာ ဩဂုတ် ၆

ဘဂ္ဂဒက်အနောက်ပိုင်း မငြိမ်မသက်ဖြစ်နေသော ဖော်လူဂျာမြို့ရှိ ရဲစခန်းအား ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သားနှစ်ဦးထက်မနည်း အင်္ဂါနေ့က ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။

ဓာတ်ပုံသတင်းထောက် ဖာလေးခိုင်ဘာက အဆိုပါ ရဲဌာနအား လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရပုံကို မြင်တွေ့ခဲ့ရပြီး လူနာတင်ကားတစ်စီးက ဒဏ်ရာရရှိသူနှစ်ဦးကို တင်ဆောင်သွားပြီး အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာသွားပုံကိုလည်း မြင်တွေ့ခဲ့ရသည်ဟုဆိုသည်။ ဖော်ပြပါရဲစခန်းကို တိုက်ခိုက်ပြီးနောက် အီရတ်နိုင်ငံသားများ စုရုံးရောက်ရှိလာပြီး ဆက်ဒမ်ဟူစိန်အားထောက်ခံသည့် ကြွေးကြော်သံများ ဟစ်ကြွေးကြသည်ဟုဆိုသည်။

အမေရိကန်စစ်ဘက်က ယင်းကိစ္စဖြစ်ပွားမှု သတင်းလောလောဆယ် မရရှိသေးကြောင်း ပြောကြားသည်။ ဘဂ္ဂဒက်မြို့ အနောက် ၃၂ မိုင်အကွာရှိ ဖော်လူဂျာမြို့သည် အမေရိကန်မုန်းတီးရေးစိတ်ဓာတ်များ ကိန်းအောင်းရာ ဒုစရိုက်နယ်မြေဖြစ်သည်။ ဧပြီလအတွင်းက ဆန္ဒပြမှုနှစ်ခု ၎င်းမြို့တွင်ဖြစ်ပွားခဲ့စဉ်အတွင်း အမေရိကန်တပ်သားများက အီရတ်နိုင်ငံသား ၁၇ ဦးကို ပစ်သတ်ခဲ့ပြီးနောက် အဆိုပါမြို့တွင် အမေရိကန်စစ်သားများ ကြိမ်ဖန်များစွာ အတိုက်ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ် ၅ရက်က ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၄၀အကွာ ဖော်လူဂျာမြို့တွင် ရဲစခန်းအား တိုက်ခိုက်ခံရပြီးနောက် ဒဏ်ရာရသူ အမေရိကန် တပ်သားတစ်ဦးအား ဆေးရုံကို ခေါ်ဆောင်ရန် အမေရိကန်တပ်သားများ ပြင်ဆင်နေကြစဉ်။(ရဲစခန်းအား ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အမေရိကန် တပ်သားနှစ်ဦးနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။)
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တည်ဆောက်ရေး ဂျာမနီနိုင်ငံ ပါဝင်ရန် ပြည်သူအများစု ဆန့်ကျင်

ဘာလင် ဩဂုတ် ၆

ဂျာမန်ပြည်သူအများစုသည် စစ်ပြီးကာလ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ဂျာမနီနိုင်ငံ ပါဝင်ဆောင်ရွက်ရေး ဆန့်ကျင်ကြောင်း တနင်္လာနေ့က ကောက်ခံသည့် အလွတ်သဘော လူထုဆန္ဒခံယူသည့် စစ်တမ်းတွင် ဖော်ပြထားသည်။

တီအင်အက်စ်အမ်နစ်သိပ္ပံက အင်-တီဗွီအတွက် ကောက်ယူသည့်စစ်တမ်းအရ ဩဂုတ်၁ရက်က လေ့လာဆန်းစစ်မှု ယူခဲ့သူ ၅၀၀ အနက် ၆၁ ရာခိုင်နှုန်းက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ဂျာမနီနိုင်ငံ ပါဝင်ဆောင်ရွက်ရေးကို ဆန့်ကျင်ပြီး ၃၄ ရာခိုင်နှုန်းကသာ ထောက်ခံကြသည်။

ဧပြီလကမူ ဂျာမန်ပြည်သူ ၆၁ ရာခိုင်နှုန်းသည် အီရတ်နိုင်ငံ၌ စစ်ပြီး ကာလ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း၌ ဂျာမနီ၏ အခန်းကဏ္ဍကို ထောက်ခံခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမှ အခြေခံအဆောက်အအုံများ ရပ်ဆိုင်းမသွားစေရေး အမေရိကန်ဒေါ်လာ ငါးဘီလျံလိုအပ်ကြောင်း တင်ပြဆွေးနွေးမည်

ဘဂ္ဂဒက် ဩဂုတ် ၆

အီရတ်နိုင်ငံ၏ လုံခြုံမှုမရှိသော အခြေခံအဆောက်အအုံများ ဆက်လက်လည်ပတ်နိုင်စေရေးနှင့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ အရှိန်သေကာ ရပ်ဆိုင်းမသွားစေရေးအတွက် အောက်တိုဘာလတွင်ကျင်းပရန် စီစဉ်ထားသည့် နိုင်ငံတကာအလှူရှင်များ အစည်းအဝေးတွင် အီရတ်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ငါးဘီလျံ လိုအပ်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးမည်ဟု ကုလသမဂ္ဂမှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ကုန်ကျငွေ

အီရတ်နိုင်ငံရှိ လုပ်ငန်းဌာနများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လည်ပတ်ရေးအတွက် ကုန်ကျငွေမှာ ၂၀၀၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာဘီလျံ ၂၀ အထိရှိနိုင်ကြောင်း အီရတ်ဘဏ္ဍာရေးဌာနက ခန့်မှန်းထားကြောင်းဖြင့် အီရတ်ရှိ ကုလသမဂ္ဂဆိုင်ရာ လူသားချင်း စာနာထောက်ထားရေး ညှိနှိုင်းရေးမှူး လိုပက်ဒါ ဆီးလ်ဗာက သတင်းထောက်အုပ်စုငယ်တစ်ခုကို ပြောကြားသည်။

အီရတ်နိုင်ငံမှ အခြားပြည်ပသို့ ပေးစရာရှိသည့် ကြွေးမြီများ လျှော်ပစ်ပြီး ပြည်ပတွင် ထိန်းချုပ်ထားသည့် ငွေများ အီရတ်နိုင်ငံသို့ ပြန်လည်လွှဲအပ်မှုက ငွေကြေးဝန်ထုပ်ဝန်ပိုး သက်သာစေရာတွင် အထောက်အကူပြုနိုင်သော်ငြားလည်း အီရတ်နိုင်ငံက ပြိုလုနီးပါးရှိသည့် ရေနံ ထုတ်လုပ်မှုမှ ဝင်ငွေ အထိုက်အလျောက် ရရှိရန် မျှော်လင့်နိုင်မည်ဖြစ်ကြောင်း ဆီးလ်ဗာက ပြောကြားသည်။

ရေနံဝင်ငွေ

အီရတ်နိုင်ငံ ကြုံတွေ့နေသည့် ငွေကြေးပြဿနာများကို ရေနံပြည်ပတင်ပို့ရာတွင် မြှင့်တင်ခြင်းအားဖြင့် ဖြေရှင်းပါက ဝင်ငွေအရပ်ရပ်မှာ အမေရိကန်ဒေါ်လာ ၁၅ ဘီလျံရရှိနိုင်သည်ဟု ခန့်မှန်းထားရာ ၂၀၀၄ ခုနှစ်တွင် ဝင်ငွေလျော့နည်းနိုင်ပြီး ဒေါ်လာငါးဘီလျံထက်မနည်းလျော့ကျသွားနိုင်ပြီး ၎င်းငွေကို အရင်းရှင်နိုင်ငံများက ဖြည့်ဆည်း ပေးရမည်ဖြစ်သည်။

ပိုမိုလိုအပ်

ဖော်ပြပါ အကြောင်းခြင်းရာများသည် လုပ်ငန်းများ ဆက်လက်လည်ပတ်စေရေးအတွက် ဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်းနှင့် အခြေအနေအရပ်ရပ် အရည်အချင်းသဘောအရ မိမိစိတ်ကြိုက် မြင့်မားစေလိုပါက ယခုထက်ငွေကြေး ပိုမိုလိုအပ်မည်သာဖြစ်ကြောင်း ဆီးလ်ဗာက ထပ်လောင်းပြောကြားသည်။

လက်တွန့်နေ

သို့ရာတွင် အီရတ်နိုင်ငံ၏ လုံခြုံရေးအားနည်းမှုနှင့် စစ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်သာ ငွေကြေး စိုက်ထုတ်သုံးစွဲမည်ကို စိုးရိမ်ပူပန်မှုတို့ကြောင့် အလှူရှင်နိုင်ငံများအနေဖြင့် ငွေကြေးဖြည့်ဆည်းရေးအတွက် တာဝန်ယူရန် လက်တွန့်နေကြသည်။

အာဖဂန်နစ္စတန်

ငွေကြေး လှူမည်ဟု ကတိကဝတ်ပြုထားသည့် တိုင်အောင် ၎င်းစီမံကိန်းသည် ပေါ်ပေါက်လာနိုင်မည်မဟုတ်သေးပေ။ အာဖဂန်နစ္စတန်နိုင်ငံအတွက် အလှူငွေအများအပြားမှာယခုထက်တိုင်ပေးလှူခြင်းမရှိသေးပေ။

ဥပဒေမဲ့မှု

အီရတ်နိုင်ငံ၏ လုံခြုံရေး အခြေအနေသည် အလှူရှင်နိုင်ငံများအတွက် အဓိကစိုးရိမ်ဖွယ်ရာ ပြဿနာကြီး ဖြစ်နေပြီး ယခုလက်ရှိအခြေအနေအတိုင်း ဥပဒေမဲ့မှုများ ဆက်လက်ပေါ်ပေါက်နေပါက နိုင်ငံအနည်းငယ်က အီရတ်နိုင်ငံအတွက် ငွေကြေးဖြည့်ဆည်းရာတွင် အားတက်သရော မရှိနိုင်ကြောင်း ဆီးလ်ဗာက ပြောကြားသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ဩဂုတ်၅ရက်က ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် လက်မှုပညာပြပွဲနှင့် ငါးရေခွံဖြင့် ပြုလုပ်ထားသည့် ဘွတ်ဖိနပ်များကို ကမ္ဘာလှည့်ခရီးသည်တစ်ဦး စိတ်ပါဝင်စားစွာကြည့်ရှုနေစဉ်။(အချို့စီးပွားရေးလုပ်ငန်းရှင်များသည် ငါးရေခွံမှ ရရှိသည့် သားရေဖြင့် ကုတ်အင်္ကျီများ၊ ဖိနပ်များနှင့် အိတ်များ ပြုလုပ်လာကြပြီး အီတလီ၊ ဂျပန်နှင့် ဂျာမနီတို့မှ ဖက်ရှင်စတိုးဆိုင်များတွင် ပြသရောင်းချနေကြသည်။) (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကားလုပ်ငန်း အကြိတ်အနယ်ယှဉ်ပြိုင်နေရ

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန်နိုင်ငံတွင် ယခုနှစ် ဇူလိုင်လအတွင်း၌ ကားရောင်းချရမှု အမြင့်ဆုံးမြင့်တက်ခဲ့လင့်ကစား အမေရိကန်ကားလုပ်ငန်းတွင် ဈေးကွက်ယှဉ်ပြိုင်မှုကို အကြီးအကျယ်ရင်ဆိုင်နေရကြောင်း ဆင်ဟွာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်ကားလုပ်ငန်း၌ အကြိတ်အနယ် ယှဉ်ပြိုင်နေရကြောင်း ခရိုင်စလာ ကားကုမ္ပဏီ အရောင်းဌာနခွဲ ဒုတိယဥက္ကဋ္ဌ ဂါရီဒယ်လ်က ပြောကြားကြောင်း ဝေါစထရိဂျာနယ်က ရေးသားထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စစ်ပြီးကာလအတွင်း အမေရိကန်ထောက်ခံသည့် အီရတ်ရုပ်သံအကြီးအကဲ ရာထူးမှနုတ်ထွက် ဝါဒဖြန့်စစ်ပွဲ အမေရိကန် ရှုံးနိမ့်နေ

လန်ဒန် ဩဂုတ် ၆

စစ်ပြီးခေတ်လွန်ကာလတွင် အမေရိကန် ထောက်ခံသော အီရတ်ရုပ်မြင်သံကြားဌာနမှ ဒါရိုက်တာအဖြစ်ဆောင်ရွက်လျက်ရှိသူ အာမက်ရီခါဘီ သည် ၎င်း၏ရာထူးမှ အင်္ဂါနေ့တွင် နုတ်ထွက်သွားသည်။ အမေရိကန် ပြည်ထောင်စုသည် အီရတ်နိုင်ငံကဲ့သို့သော နိုင်ငံများနှင့် ဆက်ဒမ်ဟူစိန်တို့နှင့်ပတ်သက်၍ ဝါဒဖြန့်ချိရေးစစ်ပွဲဆင်နွှဲရာ၌ ရှုံးနိမ့်လျက်ရှိသည်ဟု ရီခါဘီကပြောကြားသည်။

ရီခါဘီသည် ပြည်ပြေးတစ်ဦးဖြစ်ခဲ့ပြီး အီရတ်စစ်ပွဲအပြီးတွင် အမေရိကန်လေယာဉ်ဖြင့် အီရတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး အီရတ်ရုပ်မြင်သံကြားနှင့်ရေဒီယိုဌာနကို ပြန်လည် ဖွင့်လှစ်ရာတွင် ဦးဆောင်ခဲ့သည်။

ဆက်ဒမ်ဟူစိန်သည် အယ်ဂျာဇီယာ ရုပ်မြင်သံကြားဌာနနှင့် အယ်လ်အာရေးဗီးယား ပင်လယ်ကွေ့ ရုပ်မြင်သံကြားဌာနများမှတစ်ဆင့် ၎င်း၏ ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲပင်ဖြစ်ကြောင်း ရီခါဘီက ဒေသတစ်ဝန်းရှိ ရုပ်မြင်သံကြားဌာနများကထုတ်လွှင့်နေသည့် ဆက်ဒမ်ဟူစိန်၏ အသံသွင်းတိပ်ခွေများအား ရည်ညွှန်းလျက် ဝေဖန်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် အီရတ်ရုပ်မြင်သံကြားဌာနများတွင် ရင်းနှီးမြှုပ်နှံမှုမပြုပါက အီရန်နိုင်ငံမှ အယ်လ်အလစ်ရုပ်မြင်သံကြားဌာနနှင့် ကာတာမှ အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနကဲ့သို့သော ရုပ်မြင်သံကြားဌာနများသည် အီရတ်နိုင်ငံတွင် ပိုမိုရေပန်းစားလာလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လေကြောင်းလိုင်းဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းရန် သဘောတူညီ

ဂျကာတာ ဩဂုတ် ၆

အင်ဒိုနီးရှားအခြေစိုက်လေဆိပ်ဝန်ဆောင်မှု ကုမ္ပဏီဖြစ်သည့် ဂျေအေအက်စ်သည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ဖက်စပ်လုပ်ငန်းထူထောင်ရန် စင်ကာပူလေကြောင်းလိုင်း (အက်စ်အိုင်အေ)နှင့် သဘောတူညီချက်ရရှိလိုက်သည်။

ယင်းသဘောတူညီချက်အရ အက်စ်အိုင်အေ၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် စင်ကာပူလေကြောင်းလိုင်း အင်ဂျင်နီယာရင်းကုမ္ပဏီသည် ပီတီ-ဂျေအေအက်စ် လေယာဉ်အင်ဂျင်နီယာရင်း ဝန်ဆောင်မှုလုပ်ငန်း၏ ဖက်စပ်ကုမ္ပဏီသစ်တွင် ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်မည်ဖြစ်ပြီး ဂျေအေအက်စ်သည် ၅၁ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသတွင် ပျက်စီး၍ ပစ်ထားသည့် စစ်ကား အပျက်အစီးများကြားမှ အီရတ်အဘိုးအိုတစ်ဦးအား တွေ့ရစဉ်။ (ဩဂုတ် ၅ ရက်က အမေရိကန်စစ်တပ်အတွက် အလုပ်လုပ်ပေးနေသည့် အမေရိကန် နိုင်ငံသား အရပ်ဘက်ကန်ထရိုက်တာတစ်ဦးသည် ဆက်ဒမ်ဟူစိန်၏ မွေးရာ ဇာတိ တီကရစ်မြို့တွင် တင့်ကားဖျက်မိုင်း ထိမှန်ခံရ၍ သေဆုံးခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် နောက်ထပ်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန် ကန်ထရိုက်တာတစ်ဦး သေဆုံးပြီး စစ်သားသုံးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၆

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများကြောင့် အမေရိကန်အရပ်သား ကန်ထရိုက်တာတစ်ဦး သေဆုံးသွားပြီး အမေရိကန်စစ်သားသုံးဦးနှင့် အီရတ်ရဲသားသုံးဦးတို့ ဒဏ်ရာရရှိသွားကြသည်။ ယခုကဲ့သို့ တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အထိနာသွားစေသည်ဟုဆိုသည်။



သေဆုံးသွားသော အရပ်သားမှာ ကီးလော့ဂ်ဘရောင်းနှင့်ရုဒ်(ကေဘီအာ) ကုမ္ပဏီမှ ဖြစ်သည်။ ထိုကုမ္ပဏီကို အမေရိကန်စစ်ဘက်က အီရတ်နိုင်ငံ၏ ချည့်နဲ့နေသော ရေနံလုပ်ငန်းများကို ပြန်လည်ထူထောင်ရန် လုပ်ငန်းအပ်နှံထားသည်။ သေဆုံးသွားသူ၏ မော်တော်ယာဉ်သည် ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ တီကရစ်အနီးတွင် ကားမောင်းသွားစဉ် မိုင်းထိမှန်ခဲ့ခြင်း ဖြစ်သည်။ ထိုမိုင်းမှာ တင့်ကားဖျက်မိုင်း အမျိုးအစား ဖြစ်သည်ဟုဆိုသည်။

ယခုသေဆုံးသွားသူသည်အမေရိကန် သမ္မတဘုရှ်က အီရတ်၌ စစ်ပွဲကြီးများ ပြီးဆုံးသွားပြီဟု မေ ၁ရက်က ကြေညာခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံး သေဆုံးသွားသော အမေရိကန် အရပ်သား ဖြစ်ဖွယ်ရာရှိသည်။

ဗုံးထိမှန်သွားသော ယာဉ်တွင် လူငါးဦးလိုက်ပါလာသည်။ ထိုတိုက်ခိုက်မှုသည် သေဆုံးသွားသူအား ရည်ရွယ်၍ တိုက်ခိုက်ခြင်း ဟုတ်၊ မဟုတ် သဲကွဲစွာ မသိရပေ။

ချထားပေး

အမေရိကန်ကြည်းတပ်အင်ဂျင်နီယာ တပ်ဖွဲ့က အီရတ်ရှိ ရေနံလုပ်ငန်းများကို ပြန်လည်ပြုပြင်ပြီး ရေနံထုတ်လုပ်ရေး လုပ်ငန်း ကန်ထရိုက်ကို ကေဘီအာ ကုမ္ပဏီသို့ချထားပေးခဲ့သည်။ကေဘီအာ ကုမ္ပဏီသည် အမေရိကန် အကြီးစား ရေနံလုပ်ငန်းကြီးဖြစ်သောဟာလီဘာတန်ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်သည်။ တစ်ချိန်က ထိုကုမ္ပဏီကို အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီက ဦးစီးလုပ်ကိုင်ခဲ့ဖူးသည်ဟု ဆိုသည်။

မကြာခဏဆိုသလို အမေရိကန် တပ်များ တိုက်ခိုက်ခံရလေ့ရှိသော ဖော်လူဂျာမြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက်တွင် တည်ရှိသည်။ ထိုမြို့ရှိ ရဲဌာနကို ဒုံးကန်အားသုံး လက်ပစ်ဗုံး တစ်လုံးဖြင့် တိုက်ခိုက်ခံရရာ အမေရိကန်စစ်သား သုံးဦးနှင့် အီရတ် သုံးဦးတို့ ဒဏ်ရာရရှိသွားကြကြောင်း အေအက်ဖ်ပီ သတင်းထောက်က သတင်းပေးပို့သည်။

အမေရိကန်စစ်ယာဉ်က ဒဏ်ရာရသွားသော အမေရိကန်စစ်သားများကို သယ်ထုတ်ရန် ရဲဌာနအတွင်းမှ အတင်းပစ်ခတ်ထွက်လာသည့်အတွက်ကြောင့် ၁၅ နှစ်အရွယ် အီရတ် ကလေးငယ်တစ်ဦး ဒဏ်ရာရရှိသွားသည်။

ထိုရဲဌာန တိုက်ခိုက် ခံရသည့်အတွက် အမေရိကန်စစ်သားသုံးဦးနှင့် အီရတ် ရဲတပ်ဖွဲ့ဝင် သုံးဦးတို့ ဒဏ်ရာရရှိသွားကြသည်။ အမေရိကန်စစ်သားနှစ်ဦးမှာ သေဆုံးသွားသည်ဟု ယူဆရကြောင်း အီရတ်ရဲတပ်ဖွဲ့ အရာရှိ မိုဟာမက် အဗ္ဗဒူဇာကီက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောပြသည်။ တိုက်ပွဲဖြစ်ပွားစဉ် ထိုရဲတပ်ဖွဲ့ အရာရှိသည် ရဲဌာနတွင် ရှိနေခဲ့သည်။ အမေရိကန်စစ်ဘက်ကမူ စစ်သားများ ထိခိုက်မှု အခြေအနေကို အတည်ပြုပေးနိုင်ခြင်း မရှိဟုဆိုသည်။

တစ်စုံတစ်ရာမရှိ

ပြီးခဲ့သော အင်္ဂါနေ့က တီကရစ်မြို့ရှိ အမေရိကန်ဒေသဆိုင်ရာ စစ်ဌာနချုပ်စခန်းရှိရာ ဝင်းအတွင်းသို့ စိန်ပြောင်းကျည်သုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်ဟု စခန်းမှ ဗိုလ်ကြီး အယ်လင်ဟင်စန်က ပြောကြားသည်။ မော်တာကျည်မှာ ရေကန်အတွင်း ကျရောက်သွားခြင်းဖြစ်ပြီး အသေအပျောက်အထိအခိုက် တစ်စုံတစ်ရာ မရှိဟု သိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် အမေရိကန်ခန့်အပ်သည့် အုပ်ချုပ်ရေးကောင်စီ အာရပ်နိုင်ငံများက အသိအမှတ်မပြု

ကိုင်ရို ဩဂုတ် ၅

အာရပ်အဖွဲ့ချုပ်ဝင်နိုင်ငံများက အမေရိကန်ခန့်အပ်သည့် အီရတ်ကြားဖြတ်အုပ်ချုပ်ရေးကောင်စီကို အသိအမှတ်မပြုရန် အင်္ဂါနေ့က ဆုံးဖြတ်လိုက်သည်။ အသိအမှတ်ပြုရေးကိစ္စကို အီရတ်နိုင်ငံတွင် အစိုးရတစ်ဖွဲ့ ရွေးချယ်တင်မြှောက်ပြီးစီးသည်အထိ သူတို့စောင့်ဆိုင်းမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

ကြိုဆို

အီရတ်အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းခြင်းကို ဆက်ဒမ်ဟူစိန် နောက်ပိုင်းခေတ် အစိုးရသစ်ဖွဲ့စည်းရေးကို ဦးတည်သည့် ပထမခြေလှမ်းအဖြစ် အာရပ်အရာရှိများက ကြိုဆိုကြသည်။ သို့သော် အာရပ်အစိုးရများအနေဖြင့် အီရတ်အုပ်ချုပ်ရေးကောင်စီနှင့် ခပ်လှမ်းလှမ်းတွင်နေရန် လိုလားကြောင်းကို အင်္ဂါနေ့ ဆုံးဖြတ်ချက်က ပြသနေသည်။

အီရတ် အုပ်ချုပ်ရေးကောင်စီမှာ အီရတ်အား သိမ်းပိုက်စခန်းချနေသည့် အမေရိကန်နှင့် ဗြိတိန်တပ်များ၏ ရုပ်သေးအစိုးရအဖြစ် အီရတ်နှင့် အာရပ်ကမ္ဘာတစ်ဝန်းမှ အများစုက အလေးမထားလောက်ဟု သဘောထားကြသည်။

လစ်လပ်လျက်ပင်ရှိ

အင်္ဂါနေ့က ဆုံးဖြတ်ချက်မှာ ၂၂ နိုင်ငံ ပါဝင်သည့် အာရပ်အဖွဲ့ချုပ်မှ အီရတ်၏ နေရာတွင် လောလောဆယ်၌ လစ်လပ်လျက်ပင်ရှိနေသေးသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

အီရတ် အုပ်ချုပ်ရေးကောင်စီကို အစားထိုးရန် အီရတ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို တစ်နှစ်အတွင်း ကျင်းပနိုင်လိမ့်မည်ဟူ၍ အီရတ်မှ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ဇူလိုင်လကုန်ပိုင်းတွင် ပြောကြားထားသည်။ ***အင်တာနက်။***

ဥရောပ စီးကရက်ဘူးများ၌ ကျန်းမာရေးသတိပေးချက် ပုံရိပ်များ ဖော်ပြမည်

ဥရောပ ဩဂုတ် ၇

ဥရောပ ဒေသတွင် ရောင်းချမည့် စီးကရက်ဘူးများ၌ ဆေးလိပ်သောက်သုံးခြင်းကြောင့် ပါးစပ်မှသည် အဆုတ်အထိ ထိခိုက်ပျက်စီးနိုင်ကြောင်း သတင်းဖော်ပြချက်ပုံရိပ်များကို မကြာမီ ဖြန့်ဝေတော့မည်ဖြစ်သည်။ ယင်းသည်ဆေးလိပ်သောက်သုံးသူများအား ၎င်းတို့၏ဆေးလိပ်သောက်မှု ပျက်ပြားစေရန် တွန်းအား ပေးသော ကြောက်မက်ဖွယ်ကောင်းသည့် နည်းဗျူဟာအသုံးပြုရန် ကျန်းမာရေးဆိုင်ရာ အစီရင်ခံစာအသစ်မှ အကြံပေးချက်အရ ဆောင်ရွက်ခြင်းဖြစ်သည်။ ကနေဒါနိုင်ငံထုတ် ဆေးလိပ်ဘူးများ ပေါ်တွင် ဆေးလိပ်ကြောင့် ခံတွင်းကင်ဆာ ဖြစ်ပွားပုံကို ထင်ထင်ရှားရှား ဖော်ပြထားမည် ဖြစ်သည်။ ဆေးလိပ် သောက်သုံးမှု တိုက်ဖျက်ရေး ဥပဒေပြ ဌာန်း လာ ပါ က ဥရောပ တစ်ဝန်းတွင် ဆေးလိပ်ဘူးများ ပေါ်မှ ကြော်ငြာပုံများ အစား သတိပေးချက် ပုံများ မကြာမီ ဖော်ပြထား မည်ဖြစ်သည်ဟုစီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်သို့ တပ်လွှတ်ရေး အမေရိကန်မေတ္တာရပ်ခံချက် အာရပ်နိုင်ငံခြားရေးဝန်ကြီးများ ပယ်ချ

ကိုင်ရို ဩဂုတ် ၅

အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် ထိန်းသိမ်းပေးရေးအတွက် တပ်များစေလွှတ်ကြရန် အမေရိကန်နိုင်ငံ၏ မေတ္တာရပ်ခံချက်ကို အာရပ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက ပယ်ချလိုက်ပြီးနောက် အမေရိကန်ပို့ဆောင်မည့် တပ်များ အီရတ်နိုင်ငံအား သိမ်းပိုက်စခန်းချမှု အဆုံးသတ်ရေး နည်းလမ်းများကို ဆွေးနွေးကြကြောင်းဖြင့်အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် အမားမူဆာကပြောကြားသည်။

လက်ရှိအခြေအနေတွင် အီရတ်သို့အာရပ်တပ်များစေလွှတ်ရေးကို မစဉ်းစားရန် သဘောတူညီလိုက်ကြသည်ဟု အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် မူဆာက သတင်းထောက်များအား ပြောကြားသည်။

နိုင်ငံခြားတပ်များသိမ်းပိုက်ထားမှု အဆုံးသတ်ရေးကို မိမိတို့ဆောင်ရွက်ရမည်ဖြစ်ပြီး အီရတ်ပြည်သူများအား အမျိုးသားအစိုးရ ဖွဲ့စည်းခွင့်ပေးရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အီရတ်ကိစ္စ ဆက်လက်အရေးယူ ဆောင်ရွက်ရေးအတွက် အဖွဲ့ဝင်ခုနစ်ဦး ပါဝင်သည့်ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်ကြောင်းဖြင့် အဖွဲ့ဝင် ၂၂နိုင်ငံပါဝင်သည့် အာရပ်အဖွဲ့ချုပ်ဌာနချုပ်၌ကျင်းပသည့် အစည်းအဝေးသဘာပတိ ဘာရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးရှိမိုဟာမက်ဘင်မူဘာရက်အယ်ခါလီဖာကကြေညာလိုက်သည်။

ကော်မတီဝင်ခုနစ်နိုင်ငံမှာ အီဂျစ်၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ဆီးရီးယား၊ ကာတာ၊ ဂျော်ဒန်နှင့် တူနီးရှားနိုင်ငံတို့ဖြစ်သည်။ ***အင်တာနက်။***

ရွက်လှေပြိုင်ပွဲကျင်းပ

ဩဂုတ် ၅ ရက်က စပိန်နိုင်ငံမြောက်ပိုင်း ဂက်ဇိုမြို့အနီးတွင် ရွက်လှေပြိုင်ပွဲကျင်းပရာ ရွက်လှေများ တာစတင်ထွက်နေစဉ်။ (ရွက်လှေပြိုင်ပွဲ၏ ဒုတိယအဆင့်သည် ပြင်သစ်နိုင်ငံ လာရိုချီလီတွင် အဆုံးသတ်မည် ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)



ပင်ဒါဝက်ဝံမကြီး အမြွှာပူးမွေးဖွားဖွယ်ရှိ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၆

တရုတ်ပြည်မှ ငှားရမ်းထားသည့် ပင်ဒါဝက်ဝံမကြီးဘိုင်ယန်သည်ယခုလအတွင်း အမြွှာဝက်ဝံလေးများ မွေးဖွားမည်ဟု မျှော်လင့် ရကြောင်း အမေရိကန် ပြည်ထောင်စု ဆန်ဒီယာဂို တိရစ္ဆာန်ရုံ တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။ ပင်ဒါဝက်ဝံများကိုယ်ဝန်ဆောင်မှုသည် သုံးလအထိ ကြာမြင့်တတ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင်ဦးဆောင်ကဏ္ဍမှ ကုလသမဂ္ဂ ဆောင်ရွက်သင့် မလေးရှားနှင့်ရုရှားနိုင်ငံတို့ သဘောတူညီမှုရရှိ

ကွာလာလမ်ပူ ဩဂုတ် ၆

ကုလသမဂ္ဂအနေဖြင့် အီရတ်စစ်ပွဲလွန်ခေတ်တွင် ရှေ့ဆောင်ကဏ္ဍမှ ပါဝင်ဆောင်ရွက်သင့်သည်ကို မလေးရှားနှင့်ရုရှားနိုင်ငံတို့က သဘောတူညီကြကြောင်း၊ ယင်းလုပ်ရပ်ကြောင့် အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အပြည့်သဘောဖြင့် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဟာမစ်အယ်လ်ဘာက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အလေးထားဆွေးနွေး

မလေးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှားသမ္မတဗလာဒီမာပူတင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မလေးရှားဝန်ကြီးချုပ်မဟာသာမိုဟာမက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ညှိနှိုင်းဆွေးနွေးပွဲပြီးသည့်နောက် မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ဖော်ပြပါအတိုင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။ ၎င်းကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့အကြား ဆွေးနွေးရာတွင် အီရတ်နှင့် အနောက်အာရှ၏ အခြေအနေများကို အလေးထားဆွေးနွေးခဲ့ကြောင်း ဟာမစ်အယ်လ်ဘာက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ ရှာဖွေတွေ့ရှိမှုမရှိဘဲနှင့် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ လက်ဦးအောင် တိုက်ခိုက်မှုသည် သင့်တင့်လျောက်ပတ်မှု မရှိဆုံးသော လုပ်ရပ်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက တူညီသော သဘောထားရှိကြောင်း ဟာမစ်အယ်လ်ဘာက ပြောကြားသည်။

ပါဝင်မည်မဟုတ်

မိမိတို့အနေဖြင့် အီရတ်နိုင်ငံတွင် လူသားချင်း စာနာထောက်ထားသည့် အကူအညီပေးခြင်းမှတစ်ပါး အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ပတ်သက်ကြမည် မဟုတ်ကြောင်း ဟာမစ်အယ်လ်ဘာက သမ္မတ ပူတင်အား အကြောင်းကြားထားသည်ဟု ပြောကြားသည်။

အီရတ်နိုင်ငံကို ကူညီနိုင်မည့်နည်းလမ်းသည် အီရတ်နိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂအောက်ဝယ် ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ထားနိုင်ရေးနှင့် ယင်းသို့အားဖြင့် နိုင်ငံတကာ တပ်ဖွဲ့တစ်ရပ်အဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။

ကုလသမဂ္ဂအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံစုံပါဝင်ဆောင်ရွက်ရေးစနစ် အဆင့်မြှင့်တင်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သင့်ကြောင်း လိုအပ်သည်ဟု မဟာသာမိုဟာမက်နှင့် ပူတင်တို့က သဘောတူညီထားကြသည်။

မလေးရှားနှင့်ရုရှားအကြား နှစ်နိုင်ငံဆက်ဆံရေးသည် ကာကွယ်ရေး၊ အာကာသယာဉ် တည်ဆောက်ရေး၊ ပညာရေး၊ စီးပွားရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်ပေးမှုများနှင့်အတူ အဆင့်သစ်သို့ ဝင်ရောက်နေပြီဖြစ်ကြောင်း အယ်လ်ဘာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၅ ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာမြို့ရဲစခန်းကို ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရရာ နေရာပြမြေပုံ။ (ယင်းသို့တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်သုံးလအတွင်း ပြောက်ကျားစစ်ပုံစံမျိုးဖြင့် ဆင်နွှဲနေရာ အမေရိကန်တပ်သား ၅၃ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံ မှောင်ခိုခိုးထုတ်မှု တားဆီးရန် လူ ၁၅၀ နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ ဖမ်းဆီး

ဘဂ္ဂဒက် ဩဂုတ် ၅

အီရတ်နိုင်ငံအတွင်းမှ ရေနံများ မှောင်ခိုခိုးထုတ်နေမှုကို တားဆီးပိတ်ပင်ရန် အမေရိကန်အာဏာပိုင်များက လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းတွင် လူ ၁၅၀ ခန့်ကို ဖမ်းဆီးလိုက်ပြီး ဓာတ်ငွေ့၊ လောင်စာဆီသယ်လော်ရီကားများနှင့် ရေနံတင်ဝမ်းပြားရေယာဉ် တစ်ဒါဇင်တို့ကို ဖမ်းဆီးသိမ်းယူလိုက်ကြောင်း အင်္ဂါနေ့ကကြေညာသည်။

တားဆီး

စစ်မဖြစ်မီကပင် အီရတ်နိုင်ငံတောင်ပိုင်းမှ ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ခိုးယူမှောင်ခိုရောင်းချနေကြကြောင်း၊ ထိုလုပ်ရပ်ကို မိမိတို့ တားဆီးသွားမည်ဖြစ်ကြောင်း အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းတွင် ထိုဒေသအတွင်းမှ ဓာတ်ငွေ့၊ လောင်စာဆီသယ်သည့် လော်ရီကား ၁၀၀ နှင့် ရေနံတင် ဝမ်းပြားရေယာဉ် ၁၂ စင်းနှင့်တကွ လူ ၁၅၀ တို့ကို မိမိတို့ဖမ်းဆီးလိုက်ကြောင်း၊ လူအချို့ကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

လိုက်လံချေမှုန်း

အမေရိကန်အမှတ်(၅)ရေတပ်ရှိသည့် ဘာရိန်းမှ ကင်းလှည့်စစ်ရေယာဉ်များက အီရတ်နိုင်ငံ အွမ်ကာဆာဆိပ်ကမ်း၏ကမ်းလွန်ဒေသအတွင်း သွားလာမှုထင်ရှားသည့် မှောင်ခိုသမားများအား လိုက်လံချေမှုန်းသည်။ အချို့သော မှောင်ခိုသင်္ဘောများသည် အပြည်ပြည်ဆိုင်ရာ ပိုင်နက်ပင်လယ်သို့မရောက်မီ အဖမ်းမခံရရေးအတွက် အီရတ်ကမ်းရိုးတန်းမှ အလုအယက်ထွက်ခွာပြီး အီရန်နိုင်ငံ ရေပိုင်နက်အတွင်းသို့ ထွက်ပြေးကြသည်ဟုဆိုသည်။

နှောင့်နှေး

ဧပြီလအတွင်း ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားပြီးကတည်းက အီရတ်နိုင်ငံ၌ ပုံမှန်လုယက်မှုမှသည် ရေနံပိုက်လိုင်းများဖျက်ဆီးမှုနှင့် ကြေးနန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားလိုင်းများမှ ကြေးနီများကို စနစ်တကျ ခိုးယူမှုအထိပါဝင်သော ကျယ်ကျယ်ပြန့်ပြန့် ဥပဒေမဲ့မှုများနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။ အီရတ်မှ ကြေးနီအများအပြား ခိုးထုတ်သဖြင့် ကမ္ဘာ့ဈေးကွက်ကိုပါ ရိုက်ခတ်သည်။ အလားတူပင် ကာကွတ်ရေနံပိုက်လိုင်းဖျက်ဆီးခံရသည့်အတွက် စီးပွားဖြစ် ရေနံရောင်းချမှုကို နှောင့်နှေးစေသည်ဆို၏။ ***အင်တာနက်***

လတ်လတ်ဆတ်ဆတ်ငါး

တရုတ်ပြည်အရှေ့ပိုင်း ဇီကျန်ပြည်နယ် ဖူယန်မြို့ရှိ ဖူချန်ရေကန်ကြီးနံဘေးရှိဆိပ်ကမ်းတွင် ဖမ်းမိပြီးစ လတ်လတ်ဆတ်ဆတ်ငါးများအား တံငါသည်များ ရောင်းချနေကြစဉ်။

(ဖူယန်ဒေသခံများသည် ယင်းကဲ့သို့ လတ်လတ်ဆတ်ဆတ်ငါးများ နေ့စဉ်ဝယ်ယူစားသုံးရသည်ကို နှစ်ခြိုက်ကြသည်။ သို့ရာတွင် မြို့တိုးချဲ့လာသည်နှင့်အမျှ လတ်ဆတ်သည့်ငါးများလည်း ရေကန်ကြီးထဲမှ ပို၍ပို၍ နည်းပါးလာလေလေဖြစ်သည်။) *(ဓာတ်ပုံ-ဆင်ဟွာ။)*

လက်နက်ပါရဂူ ဒေါက်တာဒေးဗစ်ကယ်လီအား အပုပ်ချခဲ့မိ ဝန်ကြီးချုပ်တိုနီဘလဲ၏ ထိပ်တန်းလက်ထောက်တစ်ဦးက ဝန်ခံ

လန်ဒန် ဩဂုတ် ၆

မိမိသည် ဗြိတိသျှအစိုးရအဖွဲ့မှ လက်နက်ပါရဂူ ဒေါက်တာဒေးဗစ်ကယ်လီ၏ ဂုဏ်သရေညှိုးနွမ်းစေရန် အပုပ်ချခဲ့မိသည်ဟု ဝန်ကြီးချုပ်တိုနီဘလဲ၏ ထိပ်တန်းလက်ထောက်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုးရွားဆုံးပြဿနာ

အီရတ်နိုင်ငံအား စစ်ရေးအရ အရေးယူမှုသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဗြိတိသျှအစိုးရသည် ထောက်လှမ်းရေး သတင်းအချက်အလက်များကို ပုံကြီးချဲ့ခဲ့သည်ဟု ပြောဆိုခဲ့သူ ဒေါက်တာကယ်လီ၏ မိမိကိုယ်မိမိ အဆုံးစီရင်မှုသည် တိုနီဘလဲ၏ ဝန်ကြီးချုပ်ရာထူးကာလအတွင်း အဆိုးရွားဆုံးသော ပြဿနာဆိုက်မှုတစ်ရပ် ဖြစ်ခဲ့ရသည်။

ဒေါက်တာကယ်လီအား ဝတ္ထုဇာတ်လမ်းထဲမှ စိတ်ကူးယဉ်ဆန်သူတစ်ဦးနှင့် နှိုင်းယှဉ်ကာ ဝေဖန်ပြောဆိုခဲ့သည်ဟု တိုနီဘလဲ၏ ပြောရေးဆိုခွင့်ရှိသူ တမ်ကယ်လီက အဆိုပါလက်နက်ပါရဂူ၏ ဈာပနအခမ်းအနားမကျင်းပမီ နာရီပိုင်းအလိုတွင် ဝန်ခံစကားပြောကြားသည်။

ဝေဖန်ခြင်းမရှိ

ဗြိတိသျှဝန်ကြီးချုပ်ရုံး၏ သဘောတူညီမှုမရရှိဘဲ ဝန်ကြီးချုပ်ရုံးမှတာဝန်ရှိသူ တစ်ဦးတစ်ယောက်ကမျှ ဒေါက်တာကယ်လီကို ဝေဖန်ခြင်းမရှိခဲ့ဟု အစိုးရတာဝန်ရှိသူများက ငြင်းဆိုပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာတွင် တိုနီဘလဲ၏ ပြောရေးဆိုခွင့်ရှိသူ၏ ဝန်ခံချက်ပေါ်ထွက်လာသည်။

တိုနီဘလဲ၏ ထိပ်တန်းလက်ထောက်တစ်ဦးက ဒေါက်တာကယ်လီအား ဝေဖန်ရှုတ်ချခဲ့မှုကို ဝန်ခံလိုက်ခြင်းဖြင့် နဂိုကပင်လျှင် ပြည်သူလူထု၏ ယုံကြည်မှုကျဆင်းလာနေသော ဘလဲ၏ အစိုးရအဖွဲ့မှ သိက္ခာကျဆင်းရန် ဖြစ်ပေါ်လာရသည်။

စိတ်သောကရောက်နေကြရသော ဒေါက်တာကယ်လီမိသားစုအတွက် မိမိ လုံးလုံးလျားလျား တောင်းပန်အပ်ပါကြောင်း တမ်ကယ်လီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်ရုပ်သံသတင်းထောက်များ လွတ်မြောက်ရေး ဆွေမျိုးသားချင်းများက သံရုံးရှေ့၌ စုဝေးဆန္ဒပြ

တီဟီရန် ဩဂုတ် ၅

လွန်ခဲ့သည့် တစ်လကျော်က အီရတ်နိုင်ငံတွင် ဖမ်းဆီးခြင်းခံခဲ့ရသူ အီရန်နိုင်ငံသား မှတ်တမ်းရုပ်ရှင် ရိုက်ကူးသူစုံတွဲနှစ်တွဲ၏ ဆွေမျိုးများက ၎င်းတို့အားပြန်လွှတ်ပေးရန် တိုက်တွန်းလိုက်သည်။ မှတ်တမ်းတင် ရုပ်ရှင်ကားရိုက်ကူးသူနှစ်ဦး၏ မိသားစု ၁၀ ဦးခန့်က လက်ကိုင်ပိုစတာများနှင့် အထိန်းသိမ်းခံထားရသည့် ရုပ်မြင်သံကြား သတင်းထောက်နှစ်ဦး၏ ဓာတ်ပုံများကို ကိုင်ဆောင်ဖော့ယမ်းကာ တီဟီရန်ရှိ ဆွစ်ဇာလန် သံရုံးအပြင်ဘက်တွင် စုရုံးရောက်ရှိလာကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗီယက်နမ်၌ ရေကြီးသဖြင့် လူခုနစ်ဦးသေဆုံး

ဟနွိုင် ဩဂုတ် ၆

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးခေါင်မှုဆိုးဆိုးရွားရွား ရင်ဆိုင်နေရပြီး တေငုယင်ဒေသ ဒေါင်လောပြည်နယ်တွင် စနေနေ့မှ တနင်္လာနေ့အထိ ရေကြီးမှုဖြစ်ပွားသဖြင့် လူခုနစ်ဦးသေဆုံးခဲ့ရသည်။

တနင်္လာနေ့ မွန်းလွဲပိုင်းအထိ ရေကြီးမှုကြောင့် ရာနှင့်ချီသည့် နေအိမ်များ ရေလွှမ်းမိုးခံရပြီး သီးနှံဟက်တာ ၁၂၀၀ ပျက်စီးကာ လမ်းမကြီးများလည်း ပျက်စီးခဲ့ရသည်။

မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသတွင်းမြစ်ရေသည် ရက်ပိုင်းအတွင်း မြင့်တက်မည်ဟု ရေဘေးနှင့်လေဘေး ထိန်းချုပ်ရေးဘုတ်အဖွဲ့က သတိပေးထားသည်။ ထိုအတောအတွင်း ဗီယက်နမ် နိုင်ငံအလယ်ပိုင်းတွင် မိုးခေါင်မှု ဆိုးဆိုးရွားရွား ရင်ဆိုင်နေရရာ ဆန်စပါးနှင့် အခြားသီးနှံများ ဟက်တာ ၁၉၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဝိဇ္ဇာတမွေးနေ့မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက် အဖွဲ့ခွဲအမှတ်(၃၁၈)၏ ဦးစီးပဓာနနာယက ရွှေမန်းဦးသူရိယ(အစိုးရဓမ္မာစရိယ) (ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဗဟုဇနေဟိတဓရ အရှင်သူမြတ်၏ (၅၅)နှစ်ပြည့် ဝိဇ္ဇာတမွေးနေ့မင်္ဂလာနှင့် (၃၅၄)ကြိမ်မြောက် သိက္ခာထပ်အလှူတော်မင်္ဂလာကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ပြိုးခြံခြေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သူ့ရဲ့ကောင်းတဲ့လား သူငယ်ချင်း

တင်သန်းဦး

ကျွန်တော့်သူငယ်ချင်းများထဲတွင် ဆန်နီမှာ အတော်ဒုက္ခပေးသူဟုပင် ဆိုရပေမည်။ နေရာတကာမှာ စပ်စပ်စပ်စပ်နှင့်ပါသည်။ ကျောင်းသားဘဝ တုန်းက သူများတွေ ရန်ဖြစ်နေတာကို ရှောင်သွားလျှင်သွား၊ မရှောင်သာလျှင်လည်း ဖျန်ဖြေ၊ ဖျန်ဖြေလို့မရလျှင်လည်း တုံဏှိဘာဝေ ဥပေက္ခာနေဟူသော မူဝါဒကို ကျင့်သုံးသင့်ပါလျက်က သူပါဝင်ပြီး ဘက်လိုက်၍ ဝင်ပါသည်။ ထိုးကြကြိတ်ကြတော့ ထိုစဉ်က ခေတ်စားနေသော အင်းလေးလုံချည် ထက်ခြမ်းကွဲလေတော့၏။

ကျောင်းကျတော့လည်း ဟုတ်တိပတ်တိ မတက်ချင်။ အမြဲကျောင်းပြေးသည်။ အတန်းလစ်သည်။ တစ်ခါ ကျွန်တော်တို့ကို ကျောင်းပြေးဖို့ လာဆွယ်သည်။ ကျွန်တော်တို့က မလိုက်။ မကြာပါပေ။ ဆန်နီတစ်ယောက် ရှုံ့ရှုံ့ရွဲရွဲနှင့် ဒေါက်ကန်ပြီး ပြန်လာပါတော့၏။

"ဘာဖြစ်တာလဲကွ"

"ငါ့ညီမလေကွာ၊ ငါ့ညီမကို အတွဲနဲ့ တွေ့လာတယ်။ ဒီကောင်တော့လား၊ ငါ့အကြောင်းသိစေရမယ်"

ကျောင်းပြေးရာမှ သူ့ညီမ ရည်းစားနှင့် ချိန်းတွေ့တာကို မိလာခြင်း။ ကောင်းရော။ မသိချင်ယောင် ဆောင်ချင်လည်းဆောင်။ ကိုယ့်ညီမ ဆုံးမချင်ဆုံးမ။ မိဘကို တိုင်ချင်တိုင် စသည်ဖြင့် နည်းမျိုးစုံနှင့် ဖြေရှင်းသင့်သော်လည်း ဆန်နီတို့ လုပ်ပုံကမဟုတ်။ သူ့ယောက်ဖလောင်းကို သတ်မည်ဖြတ်မည် သွားလုပ်လေသည်။ သို့နှင့် သူ့ညီမလည်း အကြောက်လွန်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် လင်နောက်လိုက်ပြေးလေတော့၏။

စင်စစ် ဆန်နီသည် ကျွန်တော်တို့နှင့် အဓိက ဘာသာတူသူမဟုတ်။ ကျွန်တော်တို့အတန်းထဲမှ ဗေဒါဟူသော ကောင်မလေးကို လာပိုးရင်း ကျွန်တော်တို့နှင့် ငယ်ပေါင်းများပမာ ရင်းနှီးနေခြင်းပင်။ ၁၉၆၉ ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပွဲတွင် လက်ဖွေ့ပွဲများ၌ လက်မှတ်မရသည်မှစ၍ ဆူပူမှုဖြစ်ပွားရာ သူငယ်ချင်းများက အတန်တန် တားနေသည့်ကြားမှ အသားလွတ်သွား၍ ဆွမ်းကြီးလောင်းသည်။ သို့နှင့် ဆန်နီတစ်ယောက် ပုဂ္ဂလိကပိုင်ကားကို မီးရှို့မှုနှင့် အဖမ်းခံရတော့၏။

ဗေဒါခမျာ ငိုမဲ့မဲ့နှင့် ဆန်နီတစ်ယောက် ဘယ်နေ့လွတ်လာမလဲ၊ လွတ်လာမလဲနှင့် မျှော်ရရှာလေသည်။ သူ ထောင်တစ်နှစ်ကျသည်။ သို့သော် တက္ကသိုလ် ရွှေရတုပွဲတော်အမီ ပြန်လွတ်လာ၏။

ပျော်စရာကောင်းလှသော ပွဲတော်ကြီးမှာ ရုတ်ရုတ်သဲသဲ လုပ်ချင်သေးလို့ ဆန်နီကို အတော်ထိန်းရ၏။ စင်စစ် ဆန်နီကား အလွန်သူရဲကောင်းဖြစ်ချင်သူပင်တည်း။ စိတ်ပညာရှင်ကြီး ဆစ်(ဂ်)မန်ဖရိုက်၏ စကားအတိုင်း ထင်ပေါ်ကျော်ကြားလိုမှုက လူ့အပြုအမူကို ထိန်းသည်ဆိုခြင်းမှာ ဆန်နီအတွက်များ ရည်စူးခဲ့လေသလား။

ရွှေရတုပွဲတော်အပြီး ဒီဇင်ဘာမတိုင်မီမှာပင် ကျွန်တော်နှင့် သူငယ်ချင်းအချို့ စစ်တက္ကသိုလ်တက်ရောက်ရန် ရွေးချယ်ခြင်းခံရတော့၏။ ထိုအခါ ဆန်နီသည် အခြားသူငယ်ချင်းများနှင့်အတူ ကျွန်တော်တို့အိမ်မှာ လာအိပ်၏။ သူ အတော်နောင်တရနေသည်။

"အေးကွာ၊ ဘာမှမဟုတ်ဘူးကွ။ ကားမီးရှို့ဖို့ဥစ္စာ ဒီကောင်တွေက ရဲကားကို မလုပ်ရဲဘူး။ အဲဒါနဲ့ ငါလည်း လူမရှိတဲ့ ဆလွန်းကားလေးကို ဝိုင်းမ ပေးလိုက်တာကွ၊ အဲဒီအမှုသာမဖြစ်ရင် ငါလည်း DSA ပါမှာပဲ"

သူ့အရည်အချင်းနှင့်ဆိုလျှင် ပါနိုင်ပါသည်။ သို့သော် သူလုပ်ပုံနှင့်တော့ မပါနိုင်ပါ။ နေရာတကာ လူစွမ်းကောင်းလုပ်ချင်သူနှင့် မကိုက်လှပါ။

"ငါအနေအထိုင်မတတ်တာနဲ့ ဗေဒါနဲ့လည်း တစ်နှစ်လောက်ဝေးခဲ့ရတယ်။ ဗေဒါ့အိမ်ကလည်း ငါ့အကြောင်း သိသွားပြီ။ ငါနဲ့ ဘယ်လိုမှ သဘောမတူတော့ဘူး။ ခိုးပြေးမှ ဖြစ်တော့မယ်။ ငါ သူ့ကို မခိုးရင် လင်ပေးစားလိမ့်မယ်"

"ဟ...ကျောင်းမှ မပြီးသေးတာ"

"မတတ်နိုင်ဘူး သူငယ်ချင်း"

သို့သော် ဆန်နီသည် ဗေဒါ့ကို တော်ရုံနှင့်မယူဖြစ်ပါ။ ကျွန်တော်တို့ ပြင်ဦးလွင်ရောက်နေတုန်း ခိုး၍လက်ထပ်ထားသည်ဟု သတင်းကြားရသည်။ ထို့နောက် သူ့ဆီက စာလာသည်။ သူလည်း ကျွန်တော်တို့လို တပ်မတော်အရာရှိဖြစ်ချင်သောကြောင့် ရိုးရိုးတပ်သားဘဝဖြင့် မိတ္ထီလာမှာ စစ်ထဲဝင်လိုက်သည်ဟူ၏။

ကျွန်တော်တို့ ပထမနှစ် ခွင့်ပြန်လာတော့ ဗေဒါက ငိုပြီးတိုင်၏။

"သူ့ကိုယ်သူ လူပျိုထင်နေသလား မသိဘူးဟာ၊ လုပ်ချင်ရာ လျှောက်လုပ်တော့တာပဲ ကြည့်ပြောကြစမ်းပါဦးဟာ"

သို့သော် မကြာလိုက်၊ ဆန်နီသည် ကျန်းမာရေးမကောင်းဟု ဆိုကာ တပ်ထဲမှထွက်လာပြန်လေ၏။ သူ ကျွန်တော့်ဆီ စာရေးသောအခါ သူသည် တပ်မတော်သားတစ်ယောက်ဖြစ်ရန် လွယ်ကူသည်ဟုထင်ခဲ့ကြောင်း၊ လက်တွေ့တွင် မလွယ်ကူကြောင်း၊ ကျောင်းပြန်တက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဒုတိယနှစ် ခွင့်ပြန်လာသောအခါ သူငယ်ချင်းတွေက တက္ကသိုလ်နောက်ဆုံးနှစ်တွေ ဖြစ်ကုန်ပြီ။ ဆန်နီကတော့ ဒုတိယနှစ်ပင် မအောင်သေး။

ကျွန်တော် တတိယနှစ် ဗိုလ်လောင်းဘဝတွင် ဆန်နီတစ်ယောက် ပြဿနာတစ်ခုကို ဖန်တီးပြန်၏။ သူသည် ဗေဒါနှင့်ခိုး၍ လက်ထပ်ထားသော်လည်း အတူပေါင်းသင်းနေသူမဟုတ်။ ထိုအနေအထားအတိုင်း စခန်းသွားလို့ မဖြစ်တော့။ တကယ်ကို ပေါင်းမှဖြစ်တော့မည်။ ခက်တာက သူကလည်း ကျောင်းသားသာ ဖြစ်နေသေးသည်။ ဘာဝင်ငွေမှ မရှိ။ သို့သော် မခိုးလို့က မဖြစ်တော့။

တကယ်တော့ မိန်းမခိုးရတာ ရှေးတုန်းကလို ညခိုးရတာထက် နေ့ခိုးရတာက လွယ်ကူသည်ဆိုပဲ။ ဆန်နီတစ်ယောက် မိန်းမခိုးရန် သူငယ်ချင်းများနှင့် တိုင်ပင်၏။ အချိန်းအချက်လုပ်ကြ၏။ သူတို့သည် ကျွန်တော့်မိဘများအိမ်မှာ လာတိုင်ပင်ကြသည်ဆို၏။ ကျွန်တော့်အဖေကလည်း မြှောက်ပေးကြောင်း ကျွန်တော့်အမေရေးသည့်စာမှာ ပါ၏။

တကယ် မိန်းမခိုးမည့်နေ့တွင် ဆန်နီတစ်ယောက် ရောက်မလာတော့။ ဗေဒါခမျာလည်း အစ်ကိုတွေ၊ မောင်တွေကို ကြောက်ရသည်ထင့်။ အထုပ်ဆွဲထွက်လာပြီးမှ ပြန်လှည့်လို့ မရတော့။ သူမကို အဘိုးကြီးနာမည်ရ ကျော်မြင့်၊ တင့်ဆွေနှင့် ဝေလွင်တို့က ဆန်နီကိုယ်စား ခိုးလာကြရသည်ဆို၏။ တင့်ဆွေတို့လူစုသည် ဗေဒါ့ကို ခိုးလာပြီး ဆန်နီကို စောင့်သူက စောင့်သည်။ ရှာသူက ရှာသည်။ ညမိုးချုပ်သည့်တိုင် ရှာမတွေ့။

မတတ်နိုင်။ ကျော်မြင့်ရော တင့်ဆွေနှင့် ဝေလွင်ပါ ဗေဒါ့ကို သူတို့အိမ်ခေါ်မသွားရဲကြ။ ခေါ်သွားလျှင် ဆန်နီ၏အထုပ်မှာ သူတို့အထုပ်ဖြစ်တော့မည်။ သူတို့တိုင်ပင်ကြသည်။ ကျွန်တော့်မိဘများမှာ သဘောကောင်းကြသည်။ ကျွန်တော့်သူငယ်ချင်းများမှာ ကျွန်တော် ရှိရှိ၊ မရှိရှိ ကျွန်တော့်အိမ်မှာ ဝင်ထွက်သွားလာနိုင်ကြသည်။ သို့နှင့် ဗေဒါ့ကို ကျွန်တော့်အိမ်မှာ အပ်သွားကြလေသတည်း။

ကံကောင်းလို့။

ကျွန်တော်ရှိလျှင် ဆန်နီ၏ကိုယ်စား အချောင်မိန်းမရတော့မလားမသိ။ အတော်ကြာမှ ဆန်နီရောက်လာပြီး ကျွန်တော့်အိမ်မှာ လနှင့်ချီ၍ သောင်တင်နေသော ဗေဒါ့ကို လာခေါ်သွားတော့၏။ သူသည် အလုပ်လိုက်ရှာရင်း ရဲတပ်ဖွဲ့ထဲဝင်လိုက်သဖြင့် ရုတ်တစ်ရက် မိန်းမ မခိုးဖြစ်ခြင်းပါ...တဲ့။ သို့သော် ဆန်နီတစ်ယောက် ရဲထဲမှာလည်း မကြာလိုက်ပါ။ ကျွန်တော် ကျောင်းဆင်း၍ ဗိုလ်ဖြစ်ပြီး တစ်ခေါက်ပြန်ဆုံတော့ အောင်မြင်သော ဓာတ်ပုံဆရာတစ်ဦး ဖြစ်နေလေပြီ။

ထောင်လည်း ကျဖူးသည်။ တပ်ထဲလည်း ဝင်ဖူးသည်။ ရဲလည်း လုပ်ဖူးသည်။ မိန်းမကျတော့ သူများက ခိုးပေးထားပြီး လနှင့်ချီအောင် ဝှက်ထားပေးရသည်။ သူ နောက်ဆုံးဖန်တီးထားသော ပြဿနာကား ထိုပြဿနာများထက် ကြီးကျယ်လေ၏။

အရေးအခင်းဖြစ်ပြီ။ ဆူဆူပူပူဖြစ်ကြပြီ။ ထိန်းမနိုင် သိမ်းမရတွေဖြစ်ကုန်ကြပြီဆိုသောအခါ ကျွန်တော်တို့လည်း ရုံးမှာ လက်မလည်အောင် အလုပ်များရတော့၏။ မြင်သာဘက်မှာ ခေါင်းဖြတ်သတ်ပွဲတွေ ဖြစ်ပြီဆိုသောအခါ ဆန်နီပါကြောင်း သတင်းကြားရသည်။ ခွဲတမ်းချပြီး လူသတ်ပွဲများ ကျင်းပရာတွင် ဆန်နီက ခေါင်းဆောင်လုပ်သတဲ့။ ဗေဒါလည်း သူ့ကို နိုင်ပုံမရတော့။ အိမ်တွေ မီးရှို့ပစ်တော့လည်း သူပါသည်။ အသတ်ခံရသူတွေ မနည်းလှ။ ဗီဒီယိုတိပ်ခွေတွေထဲမှာ သူ့ပုံတွေ တွေ့ရသည်။

မကြာပါလေ။ အရေးအခင်းပြီးပြီဆိုသောအခါ ဥပဒေအရ အရေးယူမှုတွေက ဆက်တိုက်လာတော့သည်။ ဆန်နီ ထောင်တစ်သက်တစ်ကျွန်းကျသည်။ ကိုယ်တိုင်လက်နှင့် မသတ်လို့သာ သေဒဏ်မကျရခြင်း။ ဗေဒါလည်း သူ့ကို ငယ်စဉ်ကတည်းကမှ မနိုင်သည့်နောက် ဘာတတ်နိုင်ရှာပါမည်နည်း။

ရက်စက်ကြမ်းကြုတ်စွာ လူများစွာကို သတ်ခဲ့သည့် အဖွဲ့ခေါင်းဆောင်ကို မည်သူမျှ ပန်းကုံးစွပ်ပြီး ချီးမြှင့်မည်မဟုတ်ပါ။ ပန်းခွေသာ ပို့ကောင်းပို့ပေးမည်။ ဗေဒါ့ခင်ဗျာ အတော်ဒုက္ခရောက်သည်ဟု ကြားရ၏။ မကြာပါ။ သတင်းစာမှာ သတင်းဆိုးတစ်ပုဒ်ကို ဖတ်ရပြန်၏။ မန္တလေးတွင် ဆူဆူပူပူဖြစ်စဉ် အရွယ်မရောက်သေးသူ ကလေးသူငယ်တစ်ဦးထံမှ လက်ဝတ်လက်စားချွတ်၍ လုသည့် လူငယ်လေးတစ်ဦး ဖမ်းမိသည့်သတင်း။

အခြားသူ ဟုတ်ပါရိုးလား။ ဆန်နီ၏ သား။ ဗေဒါ၏ သား။

စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါ၏။ ဗေဒါနှင့်ကျွန်တော် လုံးဝမတွေ့တော့။ အဆက်အသွယ်မရှိသည်မှာလည်း ကြာခဲ့ပြီ။ ကြားက သူငယ်ချင်းတစ်ယောက်က ပြော၏။ မင်းတတ်နိုင်ရင် ကူညီလိုက်ပါကွာ။ ဗေဒါခမျာ လင်ဆိုးမယား၊ သားဆိုးမအေ ဖြစ်နေတာတဲ့။ အယူခံဝင်တော့လည်း မရတဲ့။

ဆန်နီ့ကို ဥပဒေ၏ အရေးယူမှုစက်ကွင်းမှ လွတ်အောင် မည်သူမျှ မတတ်နိုင်ပါ။ ကျွန်တော်လည်း ဘာကောင်မှ မဟုတ်သဖြင့် မကူညီနိုင်ပါ။ သို့သော် သူ့ကို ကူညီနေသူတွေရှိကြောင်း တွေ့နေရသည်။ ဖမ်းဆီးထားတဲ့ ဒီမိုကရေစီ သူရဲကောင်းများကို ပြန်လွှတ်ပေးပါတဲ့။ ဆန်နီ မင်းက သူရဲကောင်းတဲ့လား သူငယ်ချင်း။ ။

လူမှုစောင့်ရှောက်ရေးအသင်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် လူမှုစောင့်ရှောက်ရေးအသင်း ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၇ နာရီက ရွှေပေါက်ကံမြို့သစ် ကွပ်ကဲမှုရုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တပ်နယ်မှူး၊ အမှတ်(၂)စစ်ဒေသမှူး၊ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ရွှေပေါက်ကံမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေကျပ် ၆၃ သိန်း ပေးအပ်လှူဒါန်းသည်။

ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က လှူဒါန်းငွေများကို လက်ခံရယူပြီး ရွှေပေါက်ကံမြို့သစ် ကွပ်ကဲမှုရုံးတာဝန်ခံအရာရှိ သူရဦးဝင်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည်ဆရာတော် တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်မြို့ သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက သာသနတက္ကသိုလဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒ အရှင်သူမြတ်သည် ဝါခေါင်လကွယ်နေ့ မွန်းလွဲ ၁ နာရီတွင် သာကေတမြို့နယ် (၆)အနောက်ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံတွင် လည်းကောင်း၊ တော်သလင်းလပြည့်နေ့ မွန်းလွဲ၂နာရီတွင် သာကေတမြို့နယ် (၃)မာန်ပြေရပ်ကွက် ဓမ္မရက္ခိတဘုံဓမ္မာရုံ ဓမ္မသဘင်တွင်လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ၂နာရီတွင် သာကေတမြို့နယ် (၁၀)ရပ်ကွက် ဗဟိုဓမ္မာရုံ ဓမ္မသဘင်တွင်လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့ ည ၈ နာရီတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သာသနာရက္ခိတ ဓမ္မာရုံ ဓမ္မသဘင်တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။ (က-ပ)

ဝါခေါင်လပြည့် တရားတော်များ အသံလွှင့်မည်

ရန်ကုန် ဩဂုတ် ၇

၁၃၆၅ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဩဂုတ် ၁၂ ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတက **တစ်ဦးက မေတ္တာ၊ တစ်ဦးက စေတနာ တရားတော်** ကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦး (စန္ဒာရုံ) စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒသီရိက **အကောင်းဆုံး တရားလေးပါးတရားတော်**ကို လည်းကောင်း အသံလွှင့် ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

လုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၇

ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ် ကုမ္ပဏီ (MHR)မှ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု သင်တန်း Human Resource Management Training သင်တန်းကို ဩဂုတ်လ ပထမပတ်မှစပြီး ရုံးချိန်၊ ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

တက်ရောက်နိုင်

MBA/DMA အချိန်ပြည့် သင်တန်းများ တက်ရောက်ရန် မအားလပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီလုပ်ငန်းခွင်သို့ ကူးပြောင်းလိုသူ ဌာနဆိုင်ရာရုံးဝန်ထမ်းများ၊ အလုပ်စတင်ဝင်ရောက်တော့မည့် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR အခန်းအမှတ်(၉၀၅) ကိုးလွှာ အဆင့်မြင့်သံချေးကွန်ဒို လမ်းမတော်လမ်း ဖုန်း-၇၀၇၈၂၂သို့ အမြန်ဆုံးစာရင်းပေးသွင်းနိုင်သည်။ (က-ပ)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၇

ဝါခေါင်လပြည့်နေ့ ဩဂုတ်၁၂ရက် မွန်းလွဲ၁နာရီတွင် ရွှေတိဂုံ စေတီတော်တောင်ဘက် ဗုဒ္ဓဟူးဓမ္မာရုံ၌ ရွှေမန်းဦးသူရိယ (ဗဟုဇနဟိတရေ)၊ တိုင်းသံဃာ့ဝန်ဆောင် ညောင်ဝိုင်းဓမ္မဒီပ ကျောင်းဆရာတော် ဦးကာရုဏိက (မအူပင်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ချင်းပြည်နယ်ကန်ပက်လက်မြို့မှ ရွှေတောင်တန်းဥယျာဉ်ခြံ

အယ်(လ်)ကေ(အီကို)

တစ်ရက်ပျော်လိုသော် အရက်သောက်၊ တစ်နှစ်ပျော်ရွှင်လိုလျှင် အိမ်ထောင်ပြု၊ တစ်သက်လုံး ပျော်လိုလျှင်ကား သစ်ပင်စိုက်ဟူသော ဆုံးမစကား မှတ်သားဖူးပါသည်။ ချင်းပြည်နယ်ကန်ပက်လက်မြို့မှဦးမြမောင်-ဒေါ်ငွေးကြည်တို့သည် မိမိတို့တစ်သက်တာမျှသာမက နောက်အနှစ် ၁၀၀၀ ထိ တည်တံ့မည့်အမွေကို နောင်လာနောက်သားများအား အောင်မြင်စွာ လက်ဆင့်ကမ်းပေးလျက်ရှိကြပါသည်။

ဦးမြမောင် ဒေါ်ငွေးကြည်တို့၏ ရွှေတောင်တန်း မွေးမြူရေးနှင့် စိုက်ပျိုးရေးခြံသည် ကန်ပက်လက်-ဆောကားလမ်း၏ ၈၀/၀ မိုင်နှင့် ၈၀/၁ မိုင်အကြားတွင် တည်ရှိသည်။ ကားလမ်းအောက်ဘက်ရှိခြံကို အမှတ်(၁)ခြံဟူ၍လည်းကောင်း၊ ကားလမ်းအထက်ရှိခြံကို အမှတ်(၂)ခြံဟူ၍လည်းကောင်း သတ်မှတ်ထားပါသည်။ အမှတ်(၁)ခြံ ကို ၁၉၉၁ ခုနှစ်တွင် ပေါင်းမြက်ရှင်းကာ ဥစားကြက် ကောင်ရေ ၅၀ မွေးမြူခြင်းဖြင့်စတင်ခဲ့ သည်။ ကြက်ဥ ရောင်းချ ခြင်းမှ ရရှိသည့်ငွေဖြင့် ၆ဒသမ၆၂ဧက ရှိသော မြေကွက်ကို တဖြည်းဖြည်း တိုးချဲ့ရှင်းလင်းခဲ့ပါသည်။ တစ်ဖက်တွင်လည်း ကြက်မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။

ကြက်စာအတွက် အဓိကကျသည့် ပြောင်းဖူး၊ ဆန်ကွဲ၊ ဖွဲနု၊ နှမ်းဖတ်တို့ကို ကန်ပက်လက်မြို့နှင့် ဆောမြို့တို့တွင် အလွယ်တကူ ဝယ်ယူရရှိပါသည်။ ငါးခြောက်နှင့် ခရုခွံကို ချောက်မြို့တွင် ဝယ်ကာ မိမိနေ အိမ်တွင်ပင် ကြိတ်ခွဲရောင်းချခဲ့ပါသည်။ ဂေါ်ဖီထုပ်များကို စိုက်ပျိုး၍ အရွက်ကြမ်းများကို ကြက်စာအဖြစ် အသုံးပြုကာ အထုပ်ကို ရောင်းချခြင်းဖြင့် ဝင်ငွေရှာခဲ့ပါသည်။

ဥစားကြက်များကို အကောင် ၅၀ မှ အကောင် ၁၀၀၊ ၂၀၀ စသည်ဖြင့် တိုးချဲ့မွေးမြူခဲ့ရာ ယခုအခါ ဥစားကြက်ကောင်ရေ ၅၅၀ ရှိပြီး တစ်နေ့လျှင် ကြက်ဥလုံးရေပျမ်းမျှ ၃၇၀ ထွက်ရှိပါသည်။ လက်ကားဈေး တစ်လုံးလျှင် ၃၅ ကျပ် နှုန်းဖြင့် ကန်ပက်လက်မြို့ပေါ်တွင်ဖြန့်ကာ ပိုလျှံပါက ဆောမြို့သို့ တင်ပို့ပါသည်။ ထို့ကြောင့် ကြက်ဥ ရောင်းရငွေ တစ်နေ့လျှင် ကျပ် ၁၁၈၅၀ ဖြစ်ပြီး အသားတင်အမြတ် ကျပ် ၆၀၀၀

အပင်အမည်	အပင်ပေါင်း	စိုက်သည့်နှစ်	သီးသည့်နှစ်	သီးသည့်အပင်	မျိုး
လိမ္မော်	၁၂၀၀	၁၉၉၁	၂၀၀၀	၁၅၆	ဒေသမျိုး
ကမ္ဗလာ	၄၈	။	။	၄၈	။
ကွဲကော	၇	။	။	၇	။
တညင်း	၁၅	။	မသီးသေး	-	-
လိုင်ချီး	၁	၂၀၀၀	မသီးသေး	-	-

ရရှိ ပါသည်။ တစ်လလျှင် အသားတင် အမြတ်ငွေ ကျပ် ၁၈၀၀၀၀ ရရှိနေပါသည်။ မိသားစုစားဝတ်နေရေး ပြေလည်သည့်အပြင် သားသမီးများကိုလည်း ဘွဲ့ရပညာတတ်များဖြစ်သည်အထိ ပြုစုပျိုးထောင်ခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်နိုင်ရန် လုပ်သားသုံးဦးကို တစ်လလျှင် တစ်ဦး ကျပ်၁၅၀၀၀ နှုန်းဖြင့် ငှားရမ်းထားပါသည်။ ဤတွင် လုပ်သားခအတွက် တစ်လလျှင် ကျပ် ၄၅၀၀၀ ကုန်ကျသော်လည်း အဆိုပါ ကုန်ကျငွေများကို ကြက်ဥရောင်းရငွေတစ်မျိုးတည်းဖြင့်ပင် လုံလောက်စွာ ကျခံနိုင်ခဲ့ပါသည်။

တစ်ဖက်တွင်လည်း ဥယျာဉ်ခြံကို တိုးချဲ့ရှင်းလင်းစိုက်ပျိုးလာခဲ့ရာ ယခုအခါ အထက်ဇယားပါအတိုင်း ခြံပြည့်စိုက်ပျိုးထားနိုင်ကြောင်း တွေ့ရပါသည်။

လိမ္မော်သည် တစ်ပင်လျှင် ပျမ်းမျှလုံးရေ ၂၅၀ သီးပြီး တစ်လုံးအသားတင် ရောင်းရငွေ ကျပ် ၂၀ ဖြစ်ပါသည်။ ကမ္ဗလာတစ်ပင်လျှင် လုံးရေ ၅၀၀ သီးပြီး တစ်လုံး ရောင်းရငွေ အမြတ် ကျပ် ၁၀ ရရှိပါသည်။ ထို့ကြောင့် လိမ္မော်ပင်မှ တစ်နှစ်ဝင်ငွေ ကျပ် ၇၈၀၀၀၀ နှင့် ကမ္ဗလာပင်များမှ တစ်နှစ်လျှင်ဝင်ငွေ ကျပ် ၂၄၀၀၀၀ ရရှိပါသည်။ စုစုပေါင်း တစ်နှစ်ဝင်ငွေ ကျပ် ၁၀၂၀၀၀၀ ရရှိနေပါသည်။

ထို့ပြင် ယခင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး [ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း]က လက်ဖက်မျိုးစေ့များ အခမဲ့ထုတ်ပေးပြီး စံနမူနာပြ စိုက်ပျိုးရန် တိုက်တွန်းအားပေးချက်အရ ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ လက်ဖက်ပင်များကို ပျိုးထောင်ခဲ့ပါသည်။ ၂၀၀၀-၂၀၀၁ တွင် လက်ဖက်အပင်ပေါင်း ၃၂၄၁၅ ကို ခြံဧက ၆ဒသမ ၆၂ အတွင်း စိုက်ပျိုးနိုင်ခဲ့ပါသည်။

အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်း။

တစ်ဖန် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၏ တွန်းအားပေးချက်အရ ကားလမ်းအပေါ်ဘက်ရှိ ၇ဒသမ၃၀ဧက ကျယ်သော ခြံအမှတ်(၂)တွင် (A) ပုံဖြင့် ကွန်တိုလိုင်းဖော်၍ တစ်ပင်နှင့်တစ်ပင် နှစ်ပေခြား၊ တစ်တန်းနှင့်တစ်တန်း လေးပေခြားကာ လက်ဖက်ပင်များကိုသာ ဖောက်ချစိုက်ပျိုးခဲ့ပါသည်။ ၂၀၀၃ခုနှစ်တွင် လက်ဖက်ကို အိတ်သွတ်ပြုလုပ်ပျိုးထောင်ကာ ခြောက်လအကြာ ၂၀၀၃ခုနှစ် ဇွန်လတွင် အပင်ပေါင်း ၁၅၀၀၀ ကို စိုက်ပျိုးပြီးဖြစ်ပါသည်။ ယခုဆက်လက်၍ လာမည့်မိုးကျလျှင် ၇ဒသမ၃၀ ဧကကို အပြည့်စိုက်ပျိုးရန် ကြိုးပမ်းလျက်ရှိပါသည်။

လက်ဖက်ပင်သည် ချင်းပြည်နယ် ရာသီဥတု၊ ရေ၊ မြေ၊ သဘာဝနှင့် သင့်လျော်သည့်အပြင် စိုက်ပျိုးရလွယ်ကူပါသည်။ စိုက်ပျိုးပြီး ငါးနှစ်အကြာတွင် ဝင်ငွေရရှိနိုင်ပါသည်။ ပင်စည်မှိုစွဲသည့်ရောဂါမှ လွဲ၍ အခြားရောဂါပိုးများ ကျရောက်နိုင်ခြင်း မရှိပေ။ ၎င်းမှိုရောဂါကို ထုံးသုတ်ရုံမျှဖြင့် ပျောက်ကင်းနိုင်ပါသည်။ လက်ဖက်ပညာရှင်များ၏ သုတေသနပြုချက်အရ လက်ဖက်ပင်သည် ရောဂါပိုးကျရောက်ရန်မလွယ်။ မီးလောင်သော်လည်းမသေနိုင်။ အနှစ် ၁၀၀၀ အထိ ရှင်သန်နိုင်သည်။ လက်ဖက်စို၊ လက်ဖက် ခြောက်၊ အချိုခြောက် ပြုလုပ်စိမ်ထားနိုင်သည်။ အထားခံ၍ ခံတွင်းကို ရှင်းစေသည်။ ကင်ဆာရောဂါကိုနိုင်၍ အသက် ရှည်စေသည်ဟု လက်ဖက်ပညာရှင်များ ရေးသားထား ကြပါသည်။

လက်ဖက်ပျိုးပင်များ စိုက်ခင်းအတွင်း ပြောင်းရွှေ့စိုက်ပျိုးကြစဉ်။

ချင်းပြည်နယ်အတွင်း လက်ဖက်စိုက်ပျိုးရန် မြေဧက အများအပြားရှိပါသည်။ ဒေသခံများအနေဖြင့် ကြိုးစားပမ်းစားစိုက်ပျိုးကြရန်သာ အရေးကြီးပါသည်။ နည်းပညာနှင့် ဈေးကွက်ရရှိရန် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။

လက်ဖက်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူကိုယ်တိုင်လည်း ဝင်ငွေတိုး၍ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။ မိမိသာမက၊ မိမိပြည်နယ်တို့မှတစ်ဆင့် နိုင်ငံတော်၏စီးပွားရေးကိုပါ ဖွံ့ဖြိုးလာအောင် အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

မိမိဒေသ၊ မိမိပြည်နယ်နှင့် မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တိုင်းရင်းသား ညီအစ်ကိုများကသာ တည်ဆောက်ဖန်တီးသွားကြရမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းအားလုံးအပြည့်အဝ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီးသည်လည်း ခိုင်မာတိုးတက်လာ မည်ဖြစ်သည်။

အချို့က နှစ်ရှည်ပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ငွေကြေးအရင်းအနှီးများစွာလိုအပ်သည်။ နှစ်ရှည်ပင်များမှ ဝင်ငွေမရ သေးသည့် အတောအတွင်းစားရန်၊ ဝတ်ရန် အခက်အခဲ များရှိသည်ဟုတွေးတောကာ နှစ်ရှည်ပင်စိုက်ပျိုးရန် ဝန်လေး တတ်ကြပါသည်။ဤတွင်ကြက်ကောင် ရေ ၅၀ ဖြင့် လုပ်ငန်းစတင်ခဲ့သော ဦးမြမောင်၏ထုံးနှလုံး မူရန်လိုအပ်ပါသည်။

လက်ဖက်စိုက်ပျိုးရန် ဖြူစင်သော မေတ္တာစေတနာဖြင့် နိုင်ငံတော်အစိုးရက လမ်းညွှန်ပြသခဲ့သည်။ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။ ဤသို့လမ်းညွှန်မှုကို ဦးမြမောင်က အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဦးမြမောင်သည် သူ၏သားသမီး၊ မြေးမြစ်များအား အနှစ် ၁၀၀၀ အထိ တည်တံ့မည့်အမွေကို ပေးအပ်နိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်ပါသည်။ ။

တစ်မြေတစ်သား ရေမခြား

* မြစ်ကြီးငယ် ချောင်းသွယ်ခက်
လက်ယှက်လို့ ကျွန်းကွက်ဖော်
လမ်းဖောက်သော် ဟန်မကျ
မြစ်ဝကျွန်းပေါ်၊
ခေတ်ဆက်ဆက် အိပ်မက်ပုံဖော်
လွှားမကျော် အဟန့်အတား
"ရွက်" "စက်" "လှေ"
လှော်ခတ်သွား
ဧရာဝတီသား။
* ဝက်ဏ္ဏနဒီသဘော
ကောက်ကွေ့သော မြစ်မာယာ
တက်ဆင်းချည် ဒီရေတစ်မှောင့်
စိုးနောင့်ဗျာပါ၊
ရွက်လွှင့်လို့ စက်လှေကူကာ
သဘော်ပါ နေမနား
ကျွန်းပတ်ကာ ကောက်ကွေ့သွား
အချိန်ကုန် မိုင်ရှည်လျား
မလွဲသာ ရှောင်နိုင်အား
နှစ်ရှည်လများ။
* ကူးတို့ငယ် ကူးတို့ကြီး
"ဇက်ကြီး"နဲ့"လှေ"ငယ်ငယ်
ရေပြင်ကျယ် တံ့လှယ်ပို့
ကူးတို့တွင်ကျယ်၊
ခုများတော့ တံတားကြီးငယ်
လမ်းသွယ်သွယ် ကွန်ရက်အလား
ချောင်းငယ်ကို အမှုမထား
မြစ်ကြီးကို ကျော်ကာလွှား
လမ်းနဲ့တံတား။
ဆင်တစ်ရပ် ရေနက်ကွင်း
မြေကျင်းဖို့ မြောက်မြားစွာ
ဆင်တစ်ရပ် သာသာပိုး
တာရိုးပေါ်လာ၊
ကျောက်ခင်းလို့ ဖြည့်တင်းကတ္တရာ
လမ်းပေါ်လာ ထင်အရှား
နိုင်ငံတော် စေတနာထား
ပူးပေါင်းကာ ပြည်သူ့အား
ရေနဲ့မြေ ကွာမခြား
ကျွန်းဆက်ကာ
တစ်မြေတစ်သား
မြစ်ချောင်းကျော်လွှား။
* မြေကြောပင်ရှုံ့လေသလား
မိုးများသည့် ရာသီပင်
နေ့ညအစဉ် မရှောင်ကူး
အိမ်ဦးကြမ်းပြင်၊
ကားလမ်းက ဟိုဝင်သည်ဝင်
ရွာစည်ပင် မြို့စည်ကား
စီးဆင်းသာ ကုန်စည်အများ
တိုင်းပြည်နယ် နှံ့အပြား
သွေးရင်းချာ ပြန်လှန်သွား
ချစ်ကြည်စွာ မမေ့အား
ပြည်ထောင်စုသား။ ။

ကျော်စောဟန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ဖားကန့်မြို့ ဥရုရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ထို့နောက် ဥရုရတနာခန်းမ၌ ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကချင်ပြည်နယ်သို့ လာရောက်သည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ပဏာမ ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာ၌ ဖားကန့်ဒေသသည် ယခင်က ကာမိုင်းမြို့နယ်တွင်ပါဝင်သည့် ကျေးရွာအဆင့်ဒေသဖြစ်ခဲ့ရာမှ တစ်ဆင့်ပြီးတစ်ဆင့် မြို့အဖြစ်၊ မြို့နယ်အဆင့်အဖြစ် တိုးတက်ပြောင်းလဲဖြစ်ပေါ်ခဲ့ကြောင်း။

ဖွဲ့စည်းမှုအရ တိုးတက်ပြောင်းလဲဖြစ်ပေါ်သကဲ့သို့ စီးပွားရေးအရလည်း သိသာစွာ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ယင်းပြောင်းလဲဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ညီညီညွတ်ညွတ် အလုပ်လုပ်မှုဖြင့် တစ်ဆင့်မြင့်တင်သွားရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခန်းမမှ နှုတ်ဆက်ထွက်ခွာပြီး ရဟတ်ယာဉ်ဖြင့် ဖားကန့်မြို့မှ ဟိုပင်မြို့သို့ သွားရောက်ကြသည်။

ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဥရုရတနာခန်းမ၌ ဌာနဆိုင်ရာများနှင့် ဆက်လက်တွေ့ဆုံရာ ဖားကန့်မြို့ ကျောက်စိမ်းထွက်ရှိမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး တင်ရှိန်က ဖားကန့်ရှိ ကျောက်စိမ်းလုပ်ကွက်များနှင့် တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပုဂ္ဂလိကများ ကျောက်စိမ်းတူးဖော်ခွင့် ရရှိအောင် ခွင့်ပြုပေးခဲ့မှုများ၊နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ကွက်များ၊ ကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းတွင် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ အဆင့်ဆင့် ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလွင်က ဖားကန့်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်လာမှုများ၊ မိုးစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်ဆိမ့်၊ လက်ဖက်၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးမှုများ၊ ကြက်၊ ဝက်၊ ငါးမွေးမြူခြင်းလုပ်ငန်းများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပညာရေးကဏ္ဍတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖားကန့်မြို့နယ်၏ ပညာရေးကဏ္ဍ တိုးတက်အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြန့်ကြက်တည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ဖြေရှင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်မည့်စီးပွားရေး၊လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများနှင့် သက်ဆိုင်သော အခြေခံ အဆောက်အအုံများကို ပြည်နယ်၊ တိုင်း ဒေသအားလုံး၌ ဖြန့်ကြက်တည်ဆောက် အကောင်အထည် ဖော်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် စီမံကိန်းများဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိနိုင်ငံတော်၏ လူဦးရေအတွက်သာမက နောင်တိုးပွားလာမည့်လူဦးရေအတွက်ပါထည့်သွင်းစဉ်းစား၍ နောင်လာနောင်သားများ မကြောင့်မကြ မပူမပင် နေထိုင်သွားလာလုပ်ကိုင်နိုင်အောင် မိမိတို့ ကြိုးကြိုးစားစား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့အားလုံး၏ ကြိုးစားအားထုတ်မှုကြောင့် ဖားကန့်ဒေသအပါအဝင် နိုင်ငံတော်တစ်ရပ်လုံးအရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိကြောင်း။

ဆက်လက်မြှင့်တင်

ယင်းတိုးတက်မှု အရှိန်အဟုန်များကို နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၊ ဝန်ထမ်းများက အသိစိတ်ဓာတ်ရှိရှိဖြင့် ဆက်လက်မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖားကန့်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို မြို့နယ်လက်ထောက်ပညာရေးမှူးအား ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအတွက် မ,တည်ထောက်ပံ့ငွေများကို လုပ်ငန်းကော်မတီဝင် ဒေါ်အယ်နီအား လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် မ,တည်ထောက်ပံ့ငွေများကို မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါက်တာခင်လင်းမော်အား လည်းကောင်း ပေးအပ်သည်။

ဟိုပင်မြို့သို့ရောက်ရှိ

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ ညနေ ၃နာရီတွင် ရဟတ်ယာဉ်ဖြင့် ဟိုပင်မြို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့သည် ဒေသခံ တပ်ရင်းသို့ သွားရောက်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ထိုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြို့နယ်ခန်းမ၌ ဟိုပင်မြို့မှဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများအား တွေ့ဆုံမှာကြားပြီး ဟိုပင်မြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို တာဝန်ရှိသူများအား ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

အလားတူ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟိုပင်မြို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟိုပင်မြို့မှ မိုးကောင်းမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး နန့်ကောင်းချောင်း (မိုးကောင်း) တံတား တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့က လိုအပ်သည်များ မှာကြားကြပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မိုးကောင်းခန်းမ၌ မိုးကောင်းမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် ကျွန်းပင်သာကျောင်း ဆောက်လုပ်ရန်အတွက် မ,တည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် မိုးကောင်းမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များ မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညနေ ၄နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် ဖားကန့်မြို့မှ မိုးညှင်းမြို့သို့ ရောက်ရှိကြရာ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဌေး၊ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စက်မှုလက်မှုသိပ္ပံ

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ Ever Green Fine Arts Co. မန်နေဂျင်း ဒါရိုက်တာ ဦးသန်းရွှေက အစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များ မှာကြားပြီး အစိုးရစက်မှုလက်မှု သိပ္ပံ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မိုးညှင်း ဒီဂရီကောလိပ် တည်ဆောက်ရေးလုပ်ငန်း

သို့ ရောက်ရှိပြီး အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံ

ထို့နောက် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မိုးညှင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိုးညှင်းမြို့နယ် ပြည်သူများ၏ ပညာရေးလိုလားချက်များနှင့် အခြေခံပညာကဏ္ဍတွင် အောင်မြင်မှုရရှိလျက်ရှိသည့် အခြေအနေများ၊ ဒေသ၌ပင် အဆင့်မြင့်ပညာများသင်ယူနိုင်ရန် မိုးညှင်း ဒီဂရီကောလိပ်၊ မိုးညှင်းမြို့ အစိုးရစက်မှုလက်မှု သိပ္ပံတို့ တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက် ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုးညှင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှကျောင်းသား၊ကျောင်းသူများအတွက် ဗလာစာအုပ်များကို အထက်တန်းပြ ဆရာမတစ်ဦးအား ပေးအပ်ပြီး မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ အတွက် မ,တည်ထောက်ပံ့ငွေများကိုလည်း ပေးအပ်သည်။

မိုးညှင်းမြို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်သည် မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအဆောက်အအုံနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားသည်။

နှုတ်ဆက်အားပေး

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မိုးညှင်းမြို့အစိုးရ စက်မှုလက်မှုသိပ္ပံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း





အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိုးညှင်းမြို့နယ်ပြည်သူများ၏ ပညာရေးလိုလားချက်များနှင့် အခြေခံပညာကဏ္ဍတွင် အောင်မြင်မှုရရှိလျက်ရှိသည့် အခြေအနေများ၊ ဒေသဥပင် အဆင့်မြင့်ပညာများသင်ယူနိုင်ရန် မိုးညှင်း ဒီဂရီကောလိပ်၊ မိုးညှင်းမြို့ အစိုးရစက်မှုလက်မှု သိပ္ပံတို့ တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက် ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုးညှင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှကျောင်းသား၊ကျောင်းသူများအတွက် ဗလာစာအုပ်များကို အထက်တန်းပြ ဆရာမတစ်ဦးအား ပေးအပ်ပြီး မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် မ,တည်ထောက်ပံ့ငွေများကိုလည်း ပေးအပ်သည်။

မိုးညှင်းမြို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကို သွားရောက်ပြီး ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား နှုတ်ဆက်အားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၄ရက် နံနက် ၇နာရီခွဲတွင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့ သွားရောက်ပြီး ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ၊ ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပရဟိတကျောင်း ဆရာတော် ဘဒ္ဒန္တနာရဒတို့ အမှူးပြုသည့် ဆရာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

အမျှပေးဝေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၁၅မိနစ်တွင် မြစ်ကြီးနားမြို့–မြို့တော်ခန်းမ၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ပဏာမရှင်းလင်းပြောကြား

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ ဦးဆောင်သည့်အဖွဲ့ ရောက်ရှိလာရခြင်းဖြစ်ကြောင်း ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုကြောင့် ကချင်ပြည်နယ်သည် ယခင်အခြေအနေများနှင့်မတူ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

ယုံကြည်မှုတည်ဆောက်နိုင်

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာလည်း ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိလာ၍ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှု တည်ဆောက်နိုင်သဖြင့် ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှု၊ လုံခြုံမှုရှိကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇောက်ချဆောင်ရွက်လာနိုင်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်၍ ခန်းမမှ ထွက်ခွာသွားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပြည်နယ်၏ မြေဧရိယာအကျယ်အဝန်း၊ စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ လက်ဖက်၊ ရော်ဘာ၊ ကော်ဖီ၊ သစ်ဆိမ့် စိုက်ပျိုးနိုင်မှုများ၊ ဆောင်ရွက်ပြီးသည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ စိုက်ပျိုးရေရရှိရေး ဆက်လက် ဆောင်ရွက်သွားရန် စီစဉ်ထားမှုများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ပြည်နယ်အတွင်း တိုးတက်လာသည့် ကတ္တရာလမ်း၊ကျောက်လမ်း၊အမာခံလမ်းများ အခြေအနေ၊ တံတားများ တည်ဆောက်ပြီးစီးမှု၊ မြစ်ကြီးနားလေဆိပ်၊ ပူတာအိုလေဆိပ် အဆင့်မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဗန်းမော်လေဆိပ် ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တယ်လီဖုန်း၊ ကြေးနန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိန်းဂဏန်းစာရင်းဇယားများအရရော၊ ကိုယ်တွေ့မျက်မြင် အခြေအနေအရပါ မိမိတို့အကဲဖြတ်၍ ရရှိကြောင်း၊ ရှေ့သို့ဆက်လက်တိုးတက်မည့်အလားအလာကောင်းများကိုလည်း မိမိတို့ တွေ့မြင်နေရကြောင်း။

ယခုကဲ့သို့ ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်မှုများမှာ ဥစ္စာရင်လို ဥစ္စာရင်ခဲ ကိုယ့်အားကိုယ်ကိုး၍ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ရာမှ ထွက်ပေါ်လာသော အောင်မြင်မှုများ ဖြစ်ကြောင်း။

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နှစ်တို၊ ကာလတိုအတွင်း မိမိတို့ ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ယင်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို ဆက်လက်အသုံးပြု၍ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်မြှင့်တင်သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်အတွက် ထူးချွန် ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာအောင်လည်း ဖွံ့ဖြိုးရေး ဒေသအလိုက် တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ကချင်ပြည်နယ်၌ မြစ်ကြီးနားဒေသ၊ ဗန်းမော်ဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ထားရှိပြီး လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးတို့ကို အကွက်ကျကျ ဆောင်ရွက်ပေးထားကြောင်း။

မိမိတို့ တိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် ဒေသအလိုက် ချစ်ချစ်ခင်ခင် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြကြောင်း၊ ကချင်ပြည်နယ်၌ ကချင်လူမျိုးများသာမက ရှမ်း၊ဗမာစသည့် အခြားတိုင်းရင်းသားများလည်း စုစည်းနေထိုင်လျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုင်းရင်းသားများ စုစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီး၏ ဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပြည်နယ်ပညာရေးမှူး ဦးတိုးမောင်အား ပေးအပ်သည်။

မ,တည်ငွေပေးအပ်

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့အတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအားပေးအပ်ပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် မြစ်ကြီးနားမြို့–မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် မြစ်ကြီးနားတပ်နယ်ခန်းမသို့ သွားရောက်ပြီး တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ကိုယ်ပွားသတင်းစာတိုက်

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ်၃ရက် ညပိုင်းတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပုံနှိပ်တိုက်ခွဲရှိ ကိုယ်ပွားသတင်းစာတိုက်သို့သွားရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက် ပုံနှိပ်စက်ခန်း၊ ဖလင်ကူးခန်း၊ကွန်ပျူတာခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်တွင် ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ပဓာန နာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ၊ ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသည့်ဆရာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၃ရက် ညပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား ကြည့်ရှုအားပေးသည်။

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်၌ မက္ကာဒေးမီးယားပင်များ စိုက်ပျိုးထားမှု တို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နန်းကွေ့ချောင်းမှ ရေရရှိရေးဆောင်ရွက်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ချုပ် စိုးဝင်းမောင်သည် မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းအဆောက်အအုံနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားသည်။

နှုတ်ဆက်အားပေး

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မိုးညှင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၈–၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၅	၇။	အတီးပြိုင်ပွဲ
၈:၃၀	၈။	International News.
၈:၄၅	၉။	English For Everyday Use.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၀	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅	၃။	Practice in Reading.
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၅	၆။	**နွေးထွေးသောရင်ခွင် (အပိုင်း–၂) (ဖြိုးငွေစိုး၊ အောင်ခိုင်၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊လှမျိုးသဥ္စာနွယ်၊ ပွင့်နဒီမောင်) (ဒါရိုက်တာ–တင်သန်းဦး) (မွန်ဘာသာစကားဖြင့်)**
၅:၂၀	၇။	အဆိုပြိုင်ပွဲ
၅:၃၅	၈။	အလှဆုံးမိခင် (ပြဇာတ်) (မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စမ်းချောင်းမြို့နယ်)
၅:၄၅	၉။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၅	၁၀။	တေးဂီတအစီအစဉ်
၆:၀၅	၁၁။	လက်ဆင့်ကမ်းပေးဂီတတေး
၇:၀၀	၁၂။	Discovery.
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	Milo Success in Soccer.
၇:၁၀	၁၆။	ကြည်နူးပျော်ရွှင်ဟာသခွင်
၇:၂၀	၁၇။	ဇော်ဂျီရေထိန်းဆည်
၇:၃၀	၁၈။	နှောင်းခေတ်တေးပဒေသာ
၇:၄၀	၁၉။	နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး
၈:၀၀	၂၀။	ပြည်တွင်းသတင်း
	၂၁။	နိုင်ငံတကာသတင်းများ
	၂၂။	မိုးလေဝသအခြေအနေ
	၂၃။	**ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ရာမာယဏဇာတ်တော်ကြီး" (တတိယဆု) (မန္တလေးတိုင်း)(ဒုတိယပိုင်း)**
	၂၄။	နောက်တစ်နေ့အစီအစဉ်
	၂၅။	အစီအစဉ်ပြီး၏။

ဩဂုတ် ၃ရက်က မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းကျော်ဖုံး)

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

ဩဂုတ် ၃ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပုံနှိပ်တိုက်ခွဲရှိ ကိုယ်ပွားသတင်းစာတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းကျော်ဖုံး)

(သတင်းစဉ်)

တရားအလှူပေးဝေမည်

ရန်ကုန် ဩဂုတ် ၇

ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာအားထုတ်နည်းများ ပြန့်ပွားစေရန် ရည်ရွယ်၍ ဖြူးမြို့၊ကျောင်းသစ်လမ်း၊ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော် လုပ်ငန်းဆိုင်ခွဲ(၆)တွင် သစ္စာတရားခွေနှင့် တရားစာအုပ်များကို မည်သူမဆိုအခမဲ့ ငှားရမ်းနိုင်ရန် ဓမ္မဒါနပြုလုပ်ထားကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာပြုပြင်ထိန်းသိမ်းနည်း သင်ကြားမည်

ရန်ကုန် ဩဂုတ် ၇

လုပ်ငန်းခွင်တွင် ကွန်ပျူတာများကို သာမန်ထက်ပို၍ အသုံးချပြုပြင် ထိန်းသိမ်းတတ်စေရန်အတွက် A+Hardware Course ကို အခြေခံ၍ အထောက်အကူပြု CD-Rom များ သုံးစွဲကာ Software & Hard ware Installation ကို သင်ကြားပေးမည့်အပြင် E-mail နှင့် Internet အသုံးချနည်းတို့ကိုပါ ထည့်သွင်းသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းနှင့် ပတ်သက်ပြီး Decent Computer Center အမှတ်(၉၉) ဦးချစ်မောင်လမ်းနှင့် အာဇာနည်လမ်းထောင့် မင်းလမ်းမှတ်တိုင်အနီး ဗဟန်း ဖုန်း-၇၂၃၁၁၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ တိုင်းရင်းသားတူရိယာများပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဩဂုတ် ၉ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်ပြသမည့် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ ပြပွဲတွင် ကချင်ရိုးရာကျွဲချို၊ နဲ့နှင့် ချင်းရိုးရာဖုံတူရိယာများ ပါဝင်မည်ဖြစ်သည်။

မြန်မာ့ဆိုင်းဝိုင်းကြီးကို တစ်နေ့တစ်ကြိမ် ပင်တိုင်ထား၍ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတူရိယာများကိုလည်း ပြပွဲကာလအတွင်း နေ့စဉ် လက်တွေ့တီးမှုတ်ပြသမည်ဖြစ်သည်။ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ အများပြည်သူများအား အခမဲ့ပြသပေးမည်ဖြစ်သည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အိမ်အလှဆင် မျက်နှာကြက်ပြားများရောင်းချ

ရန်ကုန် ဩဂုတ် ၇

မျက်နှာကြက်အလှဆင်ခြင်း၊ အခန်းနံရံကာခြင်း၊ အရောင်းပြခန်းနှင့် Show Flat များအတွက် အထူးသင့်လျော်သော မီးဒဏ်ခံ၊ ရေစိုခံ၊ အသံလုံ စန်းယို မီးခံပြားများအား ရောင်းချပေးလျက်ရှိသည်။ ယင်းမီးခံပြားများသည် ဂျက်ဆင်ဘုတ်၊ပလာစတာဘုတ်၊ မျက်နှာကြက် ကျောက်ပြား၊ အထပ်သားများအား အစားထိုးနိုင်သောပစ္စည်းဖြစ်ကြောင်းသိရသည်။

စိတ်ပါဝင်စားသူများသည် Three Friends Co,Ltd အမှတ်-44-A(1) မဟာဗန္ဓုလလမ်း၊ ကျိုက်တော်အိမ်ရာ၊ (ကုန်သွယ်မှုဗဟိုဌာန အနောက်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း၀၁-၂၀၁၁၂၁၊၂၉၄၈၆၄နှင့်၀၉၈၀-၃၄၄၃၁ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့

* ခြောက်တိုင်းလည်း မကြောက်နဲ့

* ချော့တိုင်းလည်း မပျော့နဲ့

သတင်းတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၏ ၂၀၀၃-၂၀၀၄ခုနှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲနှင့် ကျောင်းစိမ်းလုံချည်၊အင်္ကျီနှင့် ဗလာစာအုပ်၊ ခဲတံများ ထောက်ပံ့ ပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေ ရဲရိပ်သာ၌ကျင်းပရာ သတင်းတပ်ဖွဲ့မှူးနှင့် သတင်းတပ်ဖွဲ့မှ အရာရှိကြီးများ၊ အကြပ်၊ တပ်သားများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတင်းတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး ဒုတိယတပ်ဖွဲ့မှူးက ပညာသင်စရိတ်ထောက်ပံ့ခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက ပညာသင်စရိတ်ထောက်ပံ့ငွေများ၊ ကျောင်းစိမ်းလုံချည်၊ အင်္ကျီနှင့် ဗလာစာအုပ်၊ ခဲတံများကို တပ်ဖွဲ့ဝင်သားသမီးများအား ပေးအပ်သည်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ပညာသင်ထောက်ပံ့

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများ ဗဟိုမှ ချီးမြှင့်သည့်ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်များမှ မူလတန်းမှတက္ကသိုလ်အထိ ၂၀၀၂-၂၀၀၃ ပညာသင်ထောက်ပံ့ကြေးရရှိသူ ၁၀၈ဦးတို့အား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်၂၆ရက် နံနက် ၉နာရီ တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စိုက်မွေး(၁)ရှာ ခန်းမဆောင်တွင်ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်ဦး(ငြိမ်း)နှင့်တာဝန်ရှိသူများက ပညာသင်ထောက်ပံ့ကြေးငွေများကို ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအား ပေးအပ်ချီးမြှင့်သည်။ (က-ပ)

ဩဂုတ် ၇ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်လှိုင်က လူမှုထူးချွန်တတိယဆင့်ရရှိသူ သန်လျင်ရေနံချက်စက်ရုံမှအလုပ်ရုံစုမှူး (ဘဏ္ဍာရေး)ဦးဆန်နီအား သန်လျင်ရှင်စောပုခန်းမ၌ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုစာလွှာအပ်နှင်းစဉ်။

(ခရိုင်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ဒုတိယနှစ် (အင်္ဂလိပ်စာ)
(ခ) ဒုတိယနှစ်(အရှေ့တိုင်းပညာ)
၅:၃၅ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း-၂)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း အပိုင်း(၃) (ပိဋကတ်ပင်လယ်ပြင်ကို စတင်ကူးခတ်ခြင်း)
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၆)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အထက(၁)ဗိုလ်တထောင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

အထက(၁) ဗိုလ်တထောင် ကျောင်းသား၊ ကျောင်းသူဟောင်းများက ပထမအကြိမ်အာစရိယ ပူဇော်ပွဲကို စက်တင်ဘာ ၁၄ရက်တွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်နိုင်ရန် ဒေါ်နွဲ့နွဲ့သောင်း (ထ-၁၊ ဗိုလ်တထောင်)၊ ဒေါ်ခင်ပြုံး (ထ-၁၊ ဗိုလ်တထောင်)၊ ဒေါ်ခင်စမ်းကြွယ် (ထ-၁၊ ဗိုလ်တထောင်) ဖုန်း-၂၉၁၂၇၂ နှင့် ဦးဌေးဝင်းအောင် ဖုန်း-၂၀၁၆၈၈ နှင့် ဦးဇော်မင်းထွန်း ဖုန်း-၅၇၇၅၈၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဥက္ကဋ္ဌဖလား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ကျိုင်းတုံ ဩဂုတ် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂နာရီက ကျိုင်းတုံမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်စွဲ

ပြိုင်ပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ခရိုင်လေးခရိုင်မှ အသင်းများ ယှဉ်ပြိုင်ကစားကြရာ ကျိုင်းတုံခရိုင်အသင်းက တံခွန်စိုက်ဖလားကို ရရှိဗိုလ်စွဲသွားသည်။ ဆုပေးပွဲကို ဆက်လက် ကျင်းပရာ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယ ဆုရရှိသည့် တာချီလိတ်ခရိုင် အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်က ဆုချီးမြှင့်ပေးသည်။

အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ကျိုင်းတုံခရိုင်အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ချီးမြှင့်ပေးအပ်သည်။

ဆုဖလားချီးမြှင့်

ဆက်လက်၍ အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျိုင်းတုံ ခရိုင်အသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ပေးအပ် ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(က–ပ)**

ချက်ကြဲသီးနှံစိုက်ပျိုးမှုသရုပ်ပြပွဲ ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ကျင်းပ

တောင်ငူ ဩဂုတ် ၂

မြန်မာ့ကြံလုပ်ငန်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်မှ ၂၀၀၂–၂၀၀၃ ခုနှစ် လျာထားကေပြည့်မီရန် မိုးရာသီ ချက်ကြဲသီးနှံစိုက်ပျိုးမှု သရုပ်ပြပွဲကို ဘိုးတော်ကုန်းကျေးရွာအုပ်စုကြံတောင်သူ ဦးခင်မောင်ဝင်း၏ ကြံစိုက်ကွင်းတွင် ဇူလိုင် ၂၁ ရက်ကကျင်းပရာ **(အပေါ်ပုံ)** မြန်မာ့ကြံလုပ်ငန်း တောင်ငူခရိုင် မန်နေဂျာ ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်း၊ မြန်မာ့ကြံလုပ်ငန်း မြို့နယ်တာဝန်ခံ ဦးမြဝင်း၊ မြို့နယ် စိုက်/ညို အဖွဲ့ဝင်များနှင့် ကြံစိုက် တောင်သူများ တက်ရောက်ကြသည်။

ကြံစိုက်ပျိုးမှု သရုပ်ပြပွဲတွင် ရေတာရှည်မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြား၍ မြန်မာ့ကြံလုပ်ငန်း ခရိုင်တာဝန်ခံက မိုးကြံစိုက်ပျိုးရသည့် ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်တာဝန်ခံက မိုးကြံစိုက်ပျိုးရေးနည်းစနစ်များကို လည်းကောင်း ရှင်းလင်းပြောကြား ဆွေးနွေးပြီး ကြံတောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ရေတာရှည် မြို့နယ်တွင် မိုးကြံ ၂၀၇ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(၄၇၂)**

သစ်ပင်စုပေါင်းစိုက်ပျိုး

နွားထိုးကြီး ဇူလိုင် ၃၁

နွားထိုးကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၇နာရီက လျှော်ဖြူကျေးရွာ အနီးရှိ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စံပြစိုက်ခင်းတွင် ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးသက်လွင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မိသားစုနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အေးသီတာဝင်း နှင့် ဝန်ထမ်းမိသားစုဝင်များ၊ ဒုတိယ ဦးစီးမှူးများဖြစ်ကြသော ဦးကျော်နိုင် ထွန်း၊ ဦးထွန်းထွန်းလင်းနှင့် ဝန်ထမ်းများက ထန်းပင်နှင့် သစ်ဆိမ့်ပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။ **(၉၄)**

မြို့နယ်သတင်းများ

ကလေးသတင်းစာတိုက်ခွဲ ဝါဆိုသင်္ကန်းလှူဒါန်း

ကလေး ဩဂုတ် ၂

စစ်ကိုင်းတိုင်း ကလေးမြို့နယ် စစ်ကိုင်းတိုင်း ပုံနှိပ်တိုက်ခွဲ(သတင်းစာတိုက်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂ရက် နံနက်က အဆိုပါ ပုံနှိပ်တိုက်ခွဲ၌ကျင်းပရာ တာဝန်ခံအရာရှိ ဗိုလ်ကြီးအောင်နိုင်လွင်နှင့် ဝန်ထမ်းမိသားစုများက ကလေးမြို့ သန္တတာရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ ပုညသေဋ္ဌနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ **(က–ပ)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နောင်ချိုမြို့နယ် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးလှထွန်းအေးနှင့် ဝန်ထမ်းများ နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင်၁၇ရက်က ကျင်းပရာ ဟိုခိုကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမုန်းထံ ပေးအပ်စဉ်။

(လဝက)

မိုးကြိုချည်မျှင်ရှည်ဝါ စုပေါင်းရောင်းချ

သာစည် ဇူလိုင် ၂၇

မိုးကြိုချည်မျှင်ရှည်ဝါ စုပေါင်းရောင်းချပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက သာစည်မြို့ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ရုံးဝင်း အတွင်း၌ပြုလုပ်ရာ ကျေးရွာအုပ်စု ၁၂ အုပ်စုတို့မှ တောင်သူဦးကြီးများက နွားလှည်းအစီး ၂၀၀ ကျော်ဖြင့် ဝါပိဿာချိန် ၁၀၂၄၁ ပိဿာကို လာရောက်ရောင်းချကြသည်။

ဖြည့်ဆည်းကူညီ

အဆိုပါ ဝါစုပေါင်းရောင်းချပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၂) ဦးညွန့်မောင်၊ မိတ္ထီလာခရိုင် ဝါနှင့် ပိုးချည်လုပ်ငန်းရုံးမှ ခရိုင်မန်နေဂျာ ဒေါ်စန်းရွှေ၊ ခရိုင် ဝယ်ယူရေးတာဝန်ခံ ဒေါ်ခင်မိုးဆွေ၊ မြို့နယ်မန်နေဂျာ ဦးကြည်ဝင်းနှင့် ရှေ့တန်းမှူးများ တက်ရောက်အားပေးကြပြီး ဝါရောင်းတောင်သူတို့၏ လိုအပ်မှုများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြသည်။

ဂုဏ်ပြုဆု

ထို့နောက် ဝါစုပေါင်းရောင်းချပွဲတွင် ဝါပိဿာချိန်အများဆုံး ရောင်းချသော ဇီးပင်ပေါက် ကျေးရွာအုပ်စုကို လည်းကောင်း၊ တစ်ဦးချင်း ဝါပိဿာချိန် အများဆုံး ရောင်းချသော ဇီးပင်ပေါက် ကျေးရွာမှ ဦးတင်ဦးအားလည်းကောင်း တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(၄၂၅)**

တူးဖော်

မြိတ်မြို့ ကန်ဖျားရပ်လမ်းမကြီး တစ်လျှောက် မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းရင်နှင့် ဝန်ထမ်းများ ရေနုတ်မြောင်းများ တူးဖော် ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက်က ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက်လမ်း မြေသားခင်း လုပ်ငန်းဆောင်ရွက်

သဲကုန်း ဩဂုတ် ၂

သဲကုန်းမြို့နယ်အပိုင် ဆင်လူးကျေးရွာနှင့် လင်းလဲ–ဘူးပျော့ ကျေးရွာချင်း ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းမြေဖို့ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ဌေး၊ ခေတ္တတာဝန်ခံ အင်ဂျင်နီယာ ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ ဇူလိုင် ၂၈ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျေးလက်မြေသားလမ်းမှာ အရှည်ပေ ၄၅၄၀ ၊ အကျယ် ၂၄ ပေရှိပြီး လမ်းပြီးစီးပါက ဆင်လူးကျေးရွာမှ လင်းလဲ၊ ဘူးပျော့နှင့် ပုတီးကုန်းကျေးရွာများသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

သစ်ပင်စိုက်ပျိုးပွဲ မိုးညှင်းတွင်ကျင်းပ

မိုးညှင်း ဇူလိုင် ၃၁

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ချက်ဖြင့် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များဦးဆောင်လျက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ငါးရပ်ကွက်မှ ဥက္ကဋ္ဌများ၊ ပြည်သူများပါဝင်သည့် အင်အား တစ်ထောင်ခန့်သည် ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက မိုးညှင်းမြို့နှင့် ဘီလူးကျေးရွာအကြား ရွှေဘို–မြစ်ကြီးနား ပြည်ထောင်စုလမ်း ဝဲယာတစ်လျှောက်တွင် ငုစပ်၊ စိန်ပန်း၊ မန်ကျည်းနှင့် စွယ်တော် အပင် ၁၀၀၀ ကို စိုက်ပျိုးကြသည်။

(၄၇၉)

နိုင်ငံတော်အနှံ့ တိုးတက်စည်ပင် တည်ဆောက်ပြုပြင်

မှတ်တမ်း ဓာတ်ပုံ	ငွေအောင်(ကြေးမုံ) အောင်မိုး(ကြေးမုံ) ခရမ်းစိုးမြင့်နှင့် ရေချမ်းမြင့်

ကျောက်တံခါးရေလှောင်တမံ

မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရေလှောင်တမံ စီမံကိန်းတွင် တမံတည်ဆောက်ရန် မြေဖို့နေသည်ကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။ (အပေါ်ပုံ)

[မှတ်တမ်းဓာတ်ပုံ–အောင်မိုး(ကြေးမုံ)]



ကျေးသီး(မန်းစံ) လမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသမကျန် မော်တော်ကားလမ်းများ ဖောက်လုပ်ပေးလျက်ရှိသည်။ [အပေါ်ပုံတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ဆက်သွယ်သည့် လမ်းပိုင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီး(မန်းစံ) အပိုင်းတွင်ဤသို့ ချောမွေ့စွာ တွေ့နိုင်သည်။]

(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ရောမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်း

ရောဝတီတိုင်း ပုသိမ်စက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်များသည် အရည်အသွေးအဆင့်အတန်းမြင့်၍ ဝယ်ယူသူများ ကြိုက်နှစ်သက်ကြသည်။ AYAR Hi-Spead Double Cab 2 Wheel Drive **နှင့်** 4 Wheel Drive **မော်တော်ယာဉ်များ မှာယူထားသူများထံ အချိန်မီအပ်နှံနိုင်ရေး ပုသိမ်စက်မှုဇုန်လုပ်ငန်းခွင်အတွင်း လုပ်ငန်းကဏ္ဍအလိုက် လုပ်ဆောင်နေကြသည့် စက်မှုကျွမ်းကျင်သူများကို တွေ့ရစဉ်။** (အောက်ပုံ)

[ဓာတ်ပုံမှတ်တမ်း–ငွေအောင်(ကြေးမုံ)]



ရထားစက်ခေါင်းမော်တာ

ကီလိုဝပ် ၁၀၀ မှ ၂၃၅ ထိသုံးစွဲပြီး ရထားဘီးများကို လည်ပတ်စေသော ထရက်ရှင်မော်တာများကို မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)တွင် ကြေး၊ လျှပ်ကာပစ္စည်း သံထည်များကို အသုံးပြု၍ ဤသို့ ထုတ်လုပ်လျက်ရှိသည်။ (၎င်းမော်တာတစ်လုံးသည် ပြည်ပမှဝယ်ယူပါက အမေရိကန်ဒေါ်လာ ၆၀၀၀၀ ခန့် တန်ဖိုးရှိကြောင်း သိရသည်။) (အပေါ်ပုံ)

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။

(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး။

(ဃ) မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။

(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။

(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ဖြူးဆရာတော် အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၇

နိုင်ငံကျော်ဓမ္မကထိက ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်သည် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူအေးရှာကျောင်းတိုက်ကြီးတွင် ဝါခေါင်လပြည့်ကျော် မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားမည်ဖြစ်သည်။

(က–ပ)

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တိုင်းရင်းဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

ရန်ကုန် ဩဂုတ် ၇

၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး တိုင်းရင်းဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားလိုသူများသည် တိုင်းရင်းဆေးပညာဦးစီးဌာန အမှတ်(၅၆) ဦးဝိစာရလမ်း ရန်ကုန်မြို့၊ မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်နှင့် သက်ဆိုင်ရာ ပြည်နယ်၊တိုင်းများရှိ တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်၊တိုင်း ဦးစီးဌာနမှူးရုံးများတွင် လျှောက်လွှာများကို ဩဂုတ် ၁၅ရက်မှစ၍ ရယူလျှောက်ထားနိုင်ကြသည်။

တိုင်းရင်းဆေးတက္ကသိုလ်သို့ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။ (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ (ခ) အကျင့်စာရိတ္တ ကောင်းမွန်ရမည်။ (ဂ) ကျန်းမာရေးကောင်းမွန်ရမည်။ (ဃ) ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။ (င) ရွေးချယ်ခြင်းခံရပါက ကျန်းမာရေး စစ်ဆေးမှုအောင်မြင်ရမည်။ (စ) ဘွဲ့ရပြီးနောက် လိုအပ်ပါက နိုင်ငံ့တာဝန် သုံးနှစ်ထမ်းဆောင်ပါမည်ဟူသော ခံဝန်ချုပ် ချုပ်ဆိုရမည်။ (ဆ)မည့်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အသေးစိတ်သိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်မြို့ ဖုန်း–၃၇၁၉၆၃၊ ၃၇၁၉၆၄၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ဖုန်း–၃၉၀၇၇နှင့်၆၀၂၂၅၊ သက်ဆိုင်ရာ ပြည်နယ်၊တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲကို တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲကို ယနေ့အထိ ပြည်တွင်းရတနာကုန်သည် ၅၀၂ဦးနှင့် ပြည်ပရတနာကုန်သည် ၇၂ဦး စုစုပေါင်း ၅၇၄ဦးတို့ လာရောက်ကြည့်ရှုကြသည်။

သတ်မှတ်ထား

ဩဂုတ် ၈ရက် နံနက် ၇နာရီခွဲတွင် ကျောက်မျက်နှင့်ကျောက်စိမ်း Bargain Form များကို ဖွင့်ဖောက်မည်ဖြစ်ရာ ယင်းနေ့နံနက် ၇နာရီနောက်ဆုံးထား၍ သတ်မှတ်ထားသည့် ပုံးများတွင် ထည့်သွင်းကြရမည်ဖြစ်သည်။

(၁၆)ကြိမ်မြောက်

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ (၁၆)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆက်လက်၍ ကျောက်မျက်နှင့် ကျောက်စိမ်းများကို Bargain စနစ်၊ Auction စနစ်များဖြင့် ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

ရွှေတိဂုံစေတီတော် ရေကြည်တော်ဝတ်အသင်းကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲကို စဉ်ဆက်မပြတ်ကျင်းပမည်ဖြစ်၍ လိုအပ်သော ပန်းစေတီ၊ ပန်းနှင့် ပန်းခြင်း စသည်တို့ကို လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

တိုင်းရင်းဆေးဆရာသင်တန်း ဝင်ခွင့်စာမေးပွဲများ ဖြေဆိုခွင့်ရသူများစာရင်း ကြေညာမည်

ရန်ကုန် ဩဂုတ် ၇

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးဆရာတစ်နှစ်သင်တန်း အမှတ်စဉ်(၃) ရန်ကုန်နှင့် အမှတ်(၅) မန္တလေးတို့၏ ဝင်ခွင့်ရေးဖြေ စာမေးပွဲများကို စက်တင်ဘာ ၇ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဖြေဆိုခွင့်ရရှိသူများ စာရင်းကို ရန်ကုန်မြို့ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မန္တလေးတိုင်းရင်းဆေးသိပ္ပံတို့တွင် ဩဂုတ် ၁၄ရက်၌ ထုတ်ပြန် ကြေညာပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ရေထုတ်ပြွန်နှင့် ရေထိန်းတမံ

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်တွင် လက်ပန်ရေလှောင်တမံစီမံကိန်းအရ တည်ဆောက်လျက်ရှိသော ရေထုတ်ပြွန်နှင့် ရေထိန်းတမံကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–အောင်မိုး(ကြေးမုံ)

✪ ရှေ့ဖုံးမှ

အဆိုပါ ဒေသတွင်နေထိုင်သူများသည် သောက်သုံးရေရှားပါး၍ သောက်သုံးရေရရှိရန် ပေ ၄၀ခန့်တူးမှ ရေရရှိကြပြီး မြေအောက်ရေ မတူးနိုင်သူများ အနေဖြင့် လက်ယက်တွင်းများတူးပြီး ရေရရှိရေးကို ဆောင်ရွက်ကြရသော ကျေးရွာများဖြစ်ကြောင်း သိရှိရသောကြောင့် လက်ပန်ချောင်းပေါ်တွင် မြေသားတမံတစ်ခုတည်ဆောက်၍ ချောင်း၏လက်ဝဲဘက်ကမ်း တောချောင်းဦးရွာနှင့် လက်ပန်ရွာအကြား ဧရိယာဧကေ ၂၅၀၀ခန့်ကို ဆည်ရေပေးဝေရန်အတွက် လက်ပန်ရေလှောင်တမံစီမံကိန်းကို ဆောင်ရွက်ရန် သင့်တော်သော စီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လက်ပန်ရေလှောင်တမံစီမံကိန်းကို ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ပန်ချောင်းကိုဖြတ်ပိတ်၍ အရှည်ပေ ၄၀၀၀၊ အမြင့် ၉၁ ပေရှိသော မြေသားတမံကို တည်ဆောက်ပြီး တောချောင်းဦးရွာ၊ ဂရုရွာ၊ မဲနောရွာဝန်းကျင်တို့၌ သီးနှံစိုက်ပျိုးရန် ဧကေ ၂၅၀၀ကို ရေပေးမည်ဖြစ်သည်။

ရှင်းလင်းပြောပြ

ကြေးမုံသတင်းအဖွဲ့သည် သောက်သုံးရေ၊ သီးနှံစိုက်ပျိုးရေရှားပါးသော ဒေသဖြစ်သည့် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်သို့ လွန်ခဲ့သော ဇူလိုင် ၁၂ရက်က သွားရောက်၍ လက်ပန်ရေလှောင်တမံစီမံကိန်းကို ကွင်းဆင်းလေ့လာခဲ့ကြသည်။ ကြေးမုံသတင်းအဖွဲ့အား လက်ပံရေလှောင်တမံစီမံကိန်းမှ ဦးစီးမှူး(တမံ) ဦးလှရွှေက စီမံကိန်းဆိုင်ရာအချက်အလက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြောပြသည်။

လက်ပန်ရေလှောင်တမံ တည်ဆောက်သည့် လက်ပန်ချောင်းဒေသမှာ မိုးရေကိုသာ အားထားရပြီး မိုးတွင်းချိန်အခါတွင် ရွာသောမိုးရေဖြင့် စီးဆင်းသောချောင်းဖြစ်သည်။ မိုးရာသီကုန်ဆုံးပြီး တပို့တွဲ၊တပေါင်းလများသို့ ရောက်ရှိသည့် အခါတွင်ရေလုံးဝပြတ်သွားပြီး ချောင်းမှာလည်း ချောက်ကြီးဖြစ်သွားလျက် စိုက်ပျိုးရေသာမက သောက်သုံးရေပါ အခက်အခဲတွေ့ရသည်။

ထို့ကြောင့် လက်ပန်ရေလှောင်တမံကို တည်ဆောက်ရာတွင် ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်နှင့်တွဲ၍ ခြောက်လက်မအရွယ်ရှိသော ရေပိုက်တစ်လုံးကိုတပ်ဆင်ပြီး ရေထုတ်ရန် အဖွင့်၊ အပိတ်ဘားကို လုပ်ပေးထားသည်။ ရေထုတ်ပြွန်နှင့် တွဲဖက်၍တပ်ဆင်ထားသော ရေပိုက်မှတစ်ဆင့် ကျေးရွာရေအရင်းအမြစ်ဦးစီးဌာနမှ ကျေးရွာရေပေးရေးကို ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

ရေလှောင်ပမာဏ

လက်ပန်ရေလှောင်တမံ တည်ဆောက်ခြင်းကြောင့် ယခင်က မိုးရာသီတွင် ဝင်လာသောချောင်းရေများသည် စနစ်တကျထိန်းသိမ်းနိုင်ခြင်းမရှိဘဲ လေလွင့်ပျံ့နှံ့ပြီး မိုးရာသီကုန်ဆုံးသည်နှင့် ရေများခန်းခြောက်သွားခြင်းကို လက်ပန်ချောင်းပေါ်တွင် တမံပိတ်၍ ရေလှောင်တမံတည်ဆောက်ခြင်းကြောင့် ဧရိယာဧကေ ၃၅၀ ရှိသော ကန်ရေပြည့်ရေပြင်ကျယ်ဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ၄၉၁၀၊ ကန်ရေသေရေလှောင် ပမာဏ ဧကပေ ၁၂၀၀ ရှိသော ဆည်တစ်ခု ပေါ်ပေါက်တော့မည်ဖြစ်သည်။

တမံပိတ်၍ လှောင်လိုက်သောရေများကို သုံးပေအချင်းပြွန်ဖြင့် တည်ဆောက်ထားသော ရေထုတ်ပြွန်မှ အလျား ၁၆၂ ပေသို့အရောက် ရေထုတ်ပေးမည်ဖြစ်သည်။ ရေထုတ်ပြွန်မှ ထုတ်ပေးမည့် အမြင့်ဆုံးရေထုတ်နှုန်းသည် ၇၅ ကျူးစက်ဖြင့် ရေပေးမည်ဖြစ်ပြီး အလျား ၄ဒသမ ၂၄မိုင်ရှည်သော တူးမြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်း ၉ ဒသမ ၂၂ မိုင်တို့မှ ဆည်ရေသောက်ဧရိယာဧက ၂၅၀၀သို့ ရေပေးမည်ဖြစ်သည်။

တစ်နှစ်ပတ်လုံးစိုက်နိုင်မည်

လက်ပန်ရေလှောင်တမံမှ ဆည်ရေသောက်မည့် ကျေးရွာများသည် စပါးစိုက်ပျိုးကြခြင်းမပြုကြဘဲ ယာသီးနှံများဖြစ်သည့် ဝါ၊ နှမ်း၊ ပဲ စသည်တို့ကို သီးနှံစိုက်ဧရိယာဧက ၃၀၀၀ ဖြင့် စိုက်ပျိုးကြမည်ဖြစ်ရာ ဆည်ရေသောက်စနစ်အရ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ကြမည်ဖြစ်ပေသည်။

လက်ပန်ရေလှောင်တမံ စီမံကိန်းကို စီမံကိန်း ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၄၆၀ ဖြင့် သတ်မှတ်ကာလ အချိန်မီပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံတစ်ဝိုက်ပတ်ဝန်းကျင်၌ အရိပ်ရသစ်ပင် ၃၀၀၀ကျော်ကို စိုက်ပျိုးမည်ဖြစ်ပြီး သစ်ဆိမ့်ပင် ၅၀၀ကိုပါ ထည့်သွင်း၍ တောကွင်းတစ်ခုဖြစ်အောင် စိုက်ပျိုးမည်ဖြစ်သည်။ လက်ပန်ရေလှောင်တမံ စီမံကိန်းကြောင့် သီးနှံစိုက်ပျိုးရေးအတွက်သာမက သောက်သုံးရေဖူလုံရေးအတွက်ပါ စိတ်ချရမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

အင်တိုက်အားတိုက်

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော လက်ပန်ရေလှောင်တမံ၌ သတ်မှတ်ကာလပြီးစီးရန်အတွက် ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို ၂၀၀၃ခုနှစ် ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–အောင်မိုး (ကြေးမုံ)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၃ ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းတရားသူကြီးဦးအောင်ငွေ၊ တိုင်းဥပဒေအရာရှိဦးဟန်ညွှန့်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဌာနခွဲမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာ၌ ယနေ့ လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပချိန်နှင့် ရန်ကုန်တိုင်း၌ မှုခင်းကျဆင်းရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည့် အချိန်တိုက်ဆိုင်သည်ကို ထူးထူးခြားခြားတွေ့ရှိရကြောင်း၊ မှုခင်းကျဆင်းရေးသည် ရဲတပ်ဖွဲ့ဝင်များ၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သော်လည်း ရန်ကုန်မြို့တော်၏ လုံခြုံရေးကို ဂရုတစိုက်နှင့် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေသည်ကို သိရှိရ၍ အားရကျေနပ်မိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ မှုခင်းကျဆင်းရေး ကြိုးပမ်းအားထုတ်မှုသည် ရန်ကုန်မြို့တော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းခဲ့ရာတွင်၂၀၀၃ခုနှစ် ပထမလေးလပတ်၏ မှုခင်းဖြစ်ပွားမှုအပိုင်းကိုကြည့်လျှင် အမှုကြီး(၁၀)မျိုးမှာ အနည်းငယ်ကျဆင်းသည်ကို တွေ့ရကြောင်း၊ ထို့အတူ ပြည်သူ့ဘဝ လုံခြုံရေးကို ထိပါးစေသည့် ခိုးမှုများသည်လည်း သိသာထင်ရှားသည်အထိကျဆင်းလာသည်ကို သိရှိရကြောင်း၊ အောင်မြင်မှုများကို နမူနာယူပြီး မိမိတို့၏ အားနည်းချက်၊ အားသာချက်ကို ပြန်လည်သုံးသပ် အဖြေရှာကြစေလိုကြောင်း။

ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုကိုအားဖြည့်ဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ ယာဉ်တိုက်မှုများကို ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ရဲစခန်းတို့ပေါင်းစပ်ပြီး ထိန်းသိမ်းကြစေလိုကြောင်း၊ အလုံးစုံကို ခြုံငုံသုံးသပ်ရပါက တရားဥပဒေ စိုးမိုးလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှု တည်မြဲခိုင်ခံ့လာလျှင် ပြည်သူ့ဘဝလုံခြုံမှု အပြည့်အဝရရှိနိုင်ကြောင်း၊ ပြည်သူတို့ အေးချမ်းသာယာစွာ စီးပွားရေး တိုးတက်မှုဘဝကိုရှာကြံကြိုးစားနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေး ရပ်တည်မှုသည် ဖွံ့ဖြိုးတိုးတက်နိုင်သည်ကို ဂရုပြုမိစေလိုကြောင်း၊ ထို့ကြောင့် မှုခင်းကျဆင်းရေးကို ယခုထက်ပိုမို၍ အားမြှင့်ဆောင်ရွက်ရန် ပြောကြားသွားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေနှင့် တိုင်းဥပဒေအရာရှိ ဦးဟန်ညွှန့်တို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက ၂၀၀၃ခုနှစ်ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရဲချုပ်တို့မိန့် မှာချက်များနှင့် ၂၀၀၃ ခုနှစ်ဒုတိယလေးလပတ်၌အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူးများက ဦး၊ရေး၊ ထောက်ဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများက လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးမှာကြား

တင်ပြဆွေးနွေးချက်များကို ရန်ကုန်တိုင်းတပ်ဖွဲ့မှူးက ပြန်လည်ဖြေကြားပြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်က မှုခင်းကျဆင်းရေးနှင့် ထိရောက် ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးက ထပ်မံ၍ ဖြည့်စွက်ပြောကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၃ ခုနှစ် ပထမ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဩဂုတ် ၇ ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပမည့် အာဆီယံ+၃ ခရီးသွားလုပ်ငန်းဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မွေးနေ့ဆုမွန်လွှာ

မထက်သဒ္ဒါအောင်

Kg-B,T.T.C

အချစ်ဆုံးသမီးလေး၏ ၈ ဩဂုတ် ၂၀၀၃ နေ့မှာ ကျရောက်တဲ့ မွေးနေ့ ရက်မြတ်မင်္ဂလာမှသည် နှစ်ပေါင်းများစွာ ဖေဖေ၊ မေမေတို့နှင့်အတူ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ကံကောင်းခြင်းတို့ဖြင့် ပြီးပြည့်စုံ၍ ထူးချွန်ထက်မြက်လိမ္မာသည့် သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ ဦးနေလင်း

မေမေ ဒေါ်စန္ဒာလှိုင်

အင်္ဂလိပ်စာနှင့် စကားပြောသင်တန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၇

ဆရာအာသာ ဘီအေ(အင်္ဂလိပ်စာ)၊ ဒီပလိုမာ (အင်္ဂလိပ်စာသင်ကြားရေးဘွဲ့) နှင့် အင်္ဂလိပ်စာ ဘွဲ့ရဆရာများ ပို့ချမည့် နိုင်ငံခြားသွားမည့်သူများ၊ အလုပ်လျှောက်လိုသူများနှင့် အင်္ဂလိပ်စကားပြောတတ်ရန် လိုအပ်သူအားလုံးအတွက် (Communicative Spoken English,Intermediate Level General English Proficiency) သင်တန်းများအား နေ့စဉ်နှင့် ရုံးချိန်လွတ်သင်တန်းများအဖြစ် ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက်လည်း တစ်နှစ်တာလုံး ဆက်လက်လေ့ကျင့်နိုင်မည့် English Language Club၏ Mini Library မှ စာအုပ်များအား အခမဲ့ ငှားရမ်းလေ့ကျင့်ခွင့်ရရှိမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် Success Language Academy၊ အမှတ်(၄၅၇) (တတိယထပ်)၊ ကုန်သည်လမ်း၊ (ဘိုကလေးဈေးလမ်းထောင့်)၊ ဂမုန်းပွင့်ကုန်တိုက်ရှေ့၊ ဖုန်း-၂၈၅၇၂၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အီလက်ထရောနစ် သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၇

လူငယ်များအတွက် အီလက်ထရောနစ်သင်တန်း (TV, Video, VCD, DVD, Stallite)၊ လေအေးပေးစက်နှင့် ရေခဲသေတ္တာသင်တန်း လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် Cosmic Engineering Group Training and Service Centre အမှတ် (၃၁) ဓမ္မဝိဟာရလမ်း ကျောက်မြောင်း(ကျောက်မြောင်းဈေး မှတ်တိုင်အနီး) ဖုန်း-၅၄၉၈၉၇ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကွန်ပျူတာဂိမ်း ဖန်တီးခြင်းသင်တန်းများဖွင့်

ရန်ကုန် ဩဂုတ် ၇

TAG Computer Centre II အမှတ်(၆၅၃)စံပြယ်ရုံလမ်း (မဉ္ဇူလမ်းမှဝင်) ပါရမီရိပ်သာ ရန်ကုန်မြို့တွင် ကွန်ပျူတာဖြင့် ဂိမ်းဖန်တီးလိုသူများအတွက် ကွန်ပျူတာဂိမ်း ဖန်တီးခြင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထို့ပြင် အခြားကာတွန်း Animation သင်တန်းများနှင့် Computerအခြေခံနှင့်အင်္ဂလိပ် စာသင်တန်းများအပြင် အထူးအစီအစဉ်အနေဖြင့် အဆင့်မြင့် Solftware ဖြင့် ပန်းချီရေးဆွဲခြင်း သီးသန့်သင်တန်းများကို သင်ကြားလျက်ရှိရာ စိတ်ပါဝင်စားသူများသည် ဖုန်း-၆၆၄၇၇၆နှင့် ၆၆၁၈၂၅ တို့သို့စုံစမ်းနိုင်ကြောင်းသိရသည်။(က-ပ)

မုံရွာမြို့တွင် ချိန်ကိုက်မိုင်းတစ်လုံး ထပ်မံတွေ့ရှိ

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသည့် ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် ကျောင်းသားအမည်ခံ ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ လက်ကျန်အဖွဲ့အနေဖြင့် ပြည်တွင်းသို့ ဖောက်ခွဲရေးသမားများ စေလွှတ်၍ ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရေး၊ အကြောင်းမဲ့သေကျေပျက်စီးစေရေးအတွက် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များအား တစိုက်မတ်မတ် လုပ်ဆောင်နေကြောင်း သက်ဆိုင်ရာမှ ကြိုတင်သတင်းများ ရရှိခဲ့ပြီး ဩဂုတ် ၄ရက်တွင် မုံရွာမြို့၌ ချိန်ကိုက်မိုင်း သုံးလုံးအား ပေါက်ကွဲစေရန် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မုံရွာမြို့ ရုံးကြီးရပ်ကွက် တာရိုးအနီး၌ ဩဂုတ် ၇ရက် နေ့လယ် ၁၁နာရီအချိန်ခန့်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ချိန်ကိုက်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိရပြီး မပေါက်ကွဲမီ ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သော အဖျက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်သမားများအား သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ (သတင်းစဉ်)

အဆောက်အအုံပြင်ဆင်မှု ကန်ထရိုက်တာ ဦးအောင်ခိုင် [၉/မရမ(နိုင်)၀၃၃၀၅၃] သိသာရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၃၉)နေ ဦးသိန်းဦး[၁၂/ရပသ(နိုင်)၀၁၄၃၇၂] နှင့် ဒေါ်ခင်ခင်စိန်[၁၄/ညတန(နိုင်) ၁၁၈၁၈၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးသိန်းဦး၊ ဒေါ်ခင်ခင်စိန်တို့သည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၇၃)လမ်း၊ (မင်္ဂလာလမ်း)နှင့် (၂၉)လမ်းထောင့်ရှိ (၇)ထပ်တိုက် အဆောက်အအုံပိုင်ရှင်များဖြစ်ကြပြီး အဆိုပါ အဆောက်အအုံကို ခေတ်မီအဆင့်မြင့်ဟိုတယ်တစ်ခုအဖြစ်အသုံးပြုရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရန် ဦးအောင်ခိုင်(အဘ)ဦးအေးမောင် [မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၃၃၀၅၃] အား ပြင်ဆင်မှုကန်ထရိုက်အဖြစ်ပေးအပ်ပြီး ကြိုတင်ထုတ်ပေးငွေကျပ်သိန်း(၉၀၀)ပေးအပ်ခဲ့ပြီး စာချုပ်ချုပ်ဆိုဆောင်ရွက်စေခဲ့ပါသည်။ (၃-၁၁-၂၀၀၂)နေ့တွင် လုပ်ငန်းပြီးစီးမှုနှင့် ကုန်ကျစရိတ်များ တွက်ချက်တင်ပြပြီး စစ်ဆေးရန် နို့တစ်စာဖြင့် အကြောင်းကြားခဲ့ပါသည်။

(၇-၁-၂၀၀၃)နေ့တွင်လည်း ဒုတိယအကြိမ် နို့တစ်စာ ထပ်မံပေးပို့ အကြောင်းကြားခဲ့ရာ စာရင်းများရှင်းလင်းတင်ပြပါမည်ဟု ပြန်ကြားခဲ့သော်လည်း ယနေ့တိုင် တစ်စုံတစ်ရာ လာရောက်တွေ့ဆုံ ရှင်းလင်းခဲ့ခြင်းမရှိသဖြင့် နို့တစ်စာပါနောက်ဆုံးရက်(၃၁-၁-၂၀၀၃)နေ့မှစ၍ ဦးအောင်ခိုင်အား အဆိုပါဟိုတယ်ပြင်ဆင်မှုလုပ်ငန်းကန်ထရိုက်တာအဖြစ်မှရုပ်သိမ်းခဲ့ပြီးဖြစ်၍ လူကြီးမင်းအနေဖြင့် ဟိုတယ်ဥပစာအတွင်းရှိ လုပ်ငန်းနှင့်ပတ်သက်သော ပစ္စည်းကိရိယာများ၊အလုပ်သမားများအပါအဝင် ဆက်စပ်မှုအားလုံးကို (၁၅-၈-၂၀၀၃)နေ့ နောက်ဆုံးထားလျက် အပြီးအပိုင်ရှင်းလင်းဖယ်ရှားပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ဆောင်ရွက်ခြင်းမပြုပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဦး၊ဒေါ်ခင်ခင်စိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မြင့်(ဘိုကလေး)

LL.B.,D.B.L.,D.A.Psy

တရားရုံးချုပ်ရှေ့နေ(စဉ်-၃၀၂၅)

အမှတ်(၅၈)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၇၀၉၄၁၃၊ ၂၅၀၉၂၇။

အနာကြီးရောဂါ ကင်းဝေးရေး ရည်မှန်းချက်အောင်မြင် ကျေးလက်ဒေသထိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့

သတင်းဆောင်းပါး–ဌေးကြည်
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၇

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးရောဂါများအနက် အနာကြီးရောဂါသည် တစ်ခုအပါအဝင် ဖြစ်ပေသည်။ အနာကြီးရောဂါ စွဲကပ်လာပါက လူနာသာမက ၎င်း၏ မိသားစုနှင့် ပတ်ဝန်းကျင်ပါ အနာကြီးရောဂါဆိုး၏ ဒဏ်ကို ခံကြရလေသည်။

မကွေးတိုင်း ဒေသန္တရအရာရှိ (အနာကြီး)ဒေါက်တာပီတာနေဝင်းကလည်း မကွေးတိုင်းအတွင်း အနာကြီးရောဂါ ကင်းဝေးရေး ဆောင်ရွက်မှုကို ကြေးမုံသို့ ရှင်းပြခဲ့သည်။
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

အနာကြီးရောဂါ ရရှိလာပါက မသန်မစွမ်းဖြစ်ခြင်း၊ စွန့်ပစ်ခံရခြင်း၊ အလုပ်အကိုင် ဆုံးရှုံးခြင်း၊ လူရာမဝင်ခြင်း စသည့်ဆိုးကျိုးများကို ခံစားရပေသည်။

မြန်မာနိုင်ငံသည် အနာကြီးရောဂါ ဆိုးကျိုးများကို တစ်ချိန်က ဆိုးဆိုးရွားရွားခံစားခဲ့ရသည့် နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ အနေဖြင့် ၁၉၅၀–၅၁ ခုနှစ်မှ စတင်ကာ အနာကြီးရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပေသည်။ သို့သော် အောင်မြင်သင့်သလောက် အောင်မြင်မှု မရရှိခဲ့ပေ။ မြန်မာနိုင်ငံတွင် ၁၉၈၇ ခုနှစ်ထိ လူနှစ်ရာခန့်တွင် အနာကြီးရောဂါသည် တစ်ဦး ရှိခဲ့ပေသည်။

၁၉၈၈ ခုနှစ်သို့ ရောက်သောအခါ Multi-Drug Therapy ခေါ် MDT ဆေးပေါင်းနည်းဖြင့် အနာကြီးရောဂါသည်များကို ကုသပေးနိုင်ခဲ့သည်။ ထိုသို့ ကုသပေးနိုင်ခဲ့ရာ ယခုဆိုလျှင် လူဦးရေ တစ်သောင်းလျှင် အနာကြီးရောဂါဖြစ်ပွားသူ တစ်ဦးအောက်သို့ လျော့နည်း ကျဆင်းသွားသည်အထိ အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပေသည်။

ယင်းသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာလည်း ရောဂါသည်များနှင့် တကယ်တမ်းထိတွေ့ ကုသပေးနိုင်ကြသည့် ကျန်းမာရေးဝန်ထမ်းများသာမက လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများကပါ ခိုင်ခိုင်မာမာ ပူးပေါင်း လက်တွဲပါဝင်လာကြပြီး နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၏ အားပေးထောက်ခံမှုဖြင့် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို စနစ်တကျ စီမံချက်ရေးဆွဲ ဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အနာကြီးရောဂါ ကင်းဝေးရေး စီမံချက်သည် ရောဂါ ရှာဖွေရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများသာမက ပြည်သူများ နားလည်သဘောပေါက်စေရန် အောက်ခြေ ကျေးလက်ဒေသအထိ ပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်ပေသည်။

ယခုကဲ့သို့အချိန်တိုအတွင်း အနာကြီးရောဂါကင်းဝေးရေးကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ခြင်းမှာလည်း

– နိုင်ငံတော်အစိုးရက ခိုင်မာစွာ အားပေးထောက်ခံ လမ်းညွှန်မှုပေးခြင်း၊
– အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည့် လမ်းညွှန်မှုများပေးခြင်း၊
– အနာကြီး ကင်းဝေးရေးလုပ်ငန်းများကို အနာကြီးရောဂါတိုက်ဖျက်ရေးဝန်ထမ်းများ၏ နည်းပညာ အထောက်အကူဖြင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ ဆောင်ရွက်နိုင်ရန် ပေါင်းစည်းပေးခြင်း၊
– နိုင်ငံတော် တစ်နံတစ်လျားတွင် ရှိနေသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အထူးသဖြင့်သားဖွားဆရာမများက လူနာကို ကြိုးစားရှာဖွေဖော်ထုတ်ပြီး စေတနာ၊ မေတ္တာ အပြည့်ထားပြီး ပျောက်ကင်းသည် အထိ ကုသပေးခြင်း၊
– ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သတင်းနှင့်စာနယ်ဇင်းမီဒီယာမှ ပုဂ္ဂိုလ်များကလည်း အနာကြီးရောဂါနှင့်ပတ်သက်သည့် မှန်ကန်သည့် အသိတရားများ ပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊
– ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် တကွ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့ကြီးများ၊ ဖောင်ဒေးရှင်းများ၊ အေဂျင်စီများနှင့်လက်တွဲဆောင်ရွက်ခြင်း၊ ထိုအဖွဲ့ကြီးများက ပံ့ပိုးကူညီမှုပေးခြင်း၊
– မြန်မာနိုင်ငံ၏ ကျန်းမာရေးဌာန အဆင့်ဆင့် ဖွဲ့စည်းပုံ ခိုင်မာတောင့်တင်းခြင်း၊
– မြန်မာနိုင်ငံ၏ အနယ်နယ် အရပ်ရပ်တွင် အေးချမ်းသာယာပြီး လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာသည့်အတွက် ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာနိုင်ခြင်း၊
– အနာကြီးရောဂါ ကင်းဝေးရေးသည် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပြည်သူများက လက်ခံသဘောပေါက်သဖြင့် ပါဝင်ကြိုးပမ်းလာကြခြင်းတို့ကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့် အနာကြီးရောဂါ ကင်းဝေးရေး ရည်မှန်းချက်ပန်းတိုင်ကို ၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်အဆင့် အောင်မြင်မှု ရရှိခဲ့သည့်အတွက်လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် သုံးကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမတွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် ချီးမြှင့်ခဲ့ပေသည်။

ယင်းအခမ်းအနားသို့ကြေးမုံသတင်းအဖွဲ့ကလည်း တက်ရောက်ခွင့်ရခဲ့ပြီး အနာကြီးရောဂါ ကင်းဝေးရေးအတွက် မကွေးတိုင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများနှင့် သထုံမြို့နယ်မှ သားဖွားဆရာမတစ်ဦးကို တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။

မိမိတို့ သတင်းအဖွဲ့သည် မကွေးတိုင်းမှတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်လှမြင့်ကိုဦးစွာ မေးမြန်းခဲ့ပါသည်။

"မကွေးတိုင်းထဲမှာ အခုလို အောင်မြင်မှုတွေ ရရှိလာတာကတော့ မကွေးတိုင်းကျန်းမာရေး ကော်မတီက အနာကြီးရောဂါနှင့် ပတ်သက်ပြီး

"မကွေးတိုင်းထဲမှာ အခုလို အောင်မြင်မှုတွေ ရရှိလာတာကတော့ မကွေးတိုင်း ကျန်းမာရေး ကော်မတီက အနာကြီးရောဂါနှင့် ပတ်သက်ပြီး စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ပါတယ်။ နိုင်ငံတကာက အဖွဲ့အစည်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြားလူမှုရေးအဖွဲ့အစည်းများရဲ့ ပါဝင်ကူညီမှုတွေ ရရှိတဲ့အတွက် ဖြစ်ပါတယ်။"
(ဒေါက်တာကျော်လှမြင့် တိုင်းကျန်းမာရေး ဦးစီးမှူး၊ မကွေးတိုင်း)
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

သိသင့်သိထိုက်တဲ့အချက်အလက်တွေကို စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ပါတယ်။ နောက်ပြီး အခြားလူမှုရေးအသင်းအဖွဲ့တွေဖြစ်တဲ့ နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းလိုအဖွဲ့အစည်းများ အပါအဝင် အခြားလူမှုရေးအဖွဲ့အစည်းများရဲ့ ပါဝင်ကူညီမှုတွေရရှိတဲ့အတွက်လည်း ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေကတော့ အဆင့်လိုက်၊ အဆင့်လိုက် ခရိုင်တွေ၊ မြို့နယ်တွေနှင့် အောက်ဆုံးအဆင့်ဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်ထိ အနာကြီးရောဂါ တိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အသိပညာပေးရှင်းလင်းပွဲတွေ လုပ်ပါတယ်။ နောက်ပြီး JICA (Japan International Co-operation Agency)လို့ ခေါ်တဲ့အဖွဲ့အစည်းကလည်း မကွေးတိုင်း ၂၅ မြို့နယ်မှာ ပညာပေး ဆွေးနွေးပွဲတွေ လုပ်တိုင်း ကူညီထောက်ပံ့မှုတွေ ပေးပါတယ်။ သင်တန်းတွေပေးတဲ့ အခါမှာလည်း သင်တန်း ကုန်ကျစရိတ်တွေ နောက်ပြီး သင်ထောက်ကူ ပစ္စည်းတွေလည်း ပေးတဲ့အပြင် ဒီ JICA အဖွဲ့ကပဲ မကွေးတိုင်း ၂၅ မြို့နယ်မှ ဓာတ်ခွဲမှူးတွေကို မန္တလေးမြို့ကိုခေါ်ပြီး နှစ်စဉ်မွမ်းမံသင်တန်းတွေ ပေးပါတယ်။ ဒါကြောင့် မကွေးတိုင်း အတွင်းမှ သတ်မှတ်ချိန်အတောအတွင်း မှာပဲ သတ်မှတ်ထားတဲ့ လူဦးရေ တစ်သောင်းမှာ ဝ ဒသမ ၈ ထိ လျော့ နည်းသွားအောင် ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်"ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။

ထို့နောက် မိမိတို့သည် မကွေးတိုင်းမှ ဒေသန္တရအရာရှိ (အနာကြီး) ဒေါက်တာပီတာနေဝင်းကို မေးမြန်းခဲ့ပါသည်။

ဒေါက်တာပီတာနေဝင်းက"ကျွန်တော့်အနေနဲ့ မကွေးတိုင်းကို ၂၀၀၂ ခုနှစ်မှာ ရောက်ရှိခဲ့ပြီး ၂၅ မြို့နယ်ကို တာဝန်ယူခဲ့ရပါတယ်။ မကွေးတိုင်းအနေနှင့် ကျွန်တော် ရောက်ရှိတဲ့ အချိန်က အနာကြီးရောဂါသည်ဟာလူတစ်သောင်းမှာ သုံးယောက်အထက်မှာ ရှိပါတယ်။ နောက်ပြီး ကိုယ်အင်္ဂါ ချွတ်ယွင်းမှု အဆင့်(၂)လို့ခေါ်တဲ့ နောက်ကျမှ တွေ့ရှိရတဲ့လူနာ တော်တော်များများ ရှိနေပါသေးတယ်။ အလားတူပဲ အစိမျိုးလို့ခေါ်တဲ့ရောဂါရင့် လူနာတွေကလည်း တော်တော်များများ ရှိနေပါသေးတယ်။ ဒီချိန်မှာ MDTဆေးကို တောက်လျှောက် ကျွေးနေပေမယ့် ဘာတွေ လိုအပ်နေသေးသလဲ ဆိုလို့ရှိရင် ကြီးကြပ်မှုအပိုင်းတွေ၊ ဆရာမတွေက ကျေးရွာအရောက်သွားရောက် ဆေးတိုက်တဲ့လုပ်ငန်း၊ ဆေးစားမှန်၊ မမှန် ကြီးကြပ်တဲ့ လုပ်ငန်းကလေးတွေမှာ အနည်းငယ် လိုအပ်နေတာတွေ ရှိပါတယ်။ သားဖွားဆရာမတွေ အနေနှင့်ကလည်း အခြားတာဝန်တွေက များပြားနေတဲ့အတွက် ဆေးစားစံချိန်ပြည့် ရပ်နားခြင်းဆိုတဲ့ အပိုင်းတွေမှာ ချို့ယွင်းမှုကလေးတွေ ရှိနေတာ တွေ့နေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ကျန်းမာရေး ဝန်ထမ်းများက သားဖွားဆရာမတွေနှင့်အတူ နှစ်နှစ်အတွင်း ကွင်းဆင်း ဆောင်ရွက်လိုက်ကြတဲ့ အခါမှာ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ အနာကြီးရောဂါ ကင်းဝေးရေး အောင်မြင်မှုကို ကြေညာတဲ့အခါမှာ မကွေးတိုင်းအနေဖြင့် လူဦးရေ တစ်သောင်းမှာ တစ်ယောက်အောက်ကို လျော့နည်းသွားတာ တွေ့ရှိရပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ အနာကြီးရောဂါ တိုက်ဖျက်ရေး ဝန်ထမ်းတွေသာမကဘဲ သားဖွားဆရာမတွေ၊ ကျန်းမာရေးမှူးတွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေနှင့် ဝန်ထမ်းတွေကလည်း စိတ်ဝင်တစား ပါဝင်အကူအညီပေးကြတဲ့အတွက် အခုလို အောင်မြင်မှုရတာ ဖြစ်ပါတယ်။ ဒါ့အပြင် MDT ဆေးနှင့် သွားရေး၊ လာရေး အဆင်ပြေချောမွေ့စေရေးအတွက် အကူအညီပေးကြတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အခြားလူမှုရေးအဖွဲ့အစည်းများရဲ့ အကူအညီပေးမှုတွေ၊ ပြည်တွင်းမှ အဖွဲ့အစည်းများဖြစ်တဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတွေ၊ အမျိုးသမီးရေးရာများ၊ကြက်ခြေနီများကလည်း ကျေးရွာထိ ဝိုင်းဝန်းကူညီပေးကြတဲ့အတွက် အခုလို အောင်မြင်မှုကို ရရှိခဲ့ခြင်း ဖြစ်ပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

(ဆက်လက်ဖော်ပြပါမည်။)

မြန်မာနိုင်ငံ အနာကြီးရောဂါ ကင်းဝေးရေး အောင်မြင်မှုအတွက် ပါဝင်ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများနှင့် ဌာနများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ သားဖွားဆရာမများကို တွေ့ရစဉ်။
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)



လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဆက်သွယ်ရေး(၃)(ကြေးနန်း)ရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် သက်ဆိုင်ရာမြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးမှတစ်ဆင့် လျှောက်ထားနိုင်သည်။

လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမျိုးသား / အမျိုးသမီး လျှောက်ထားနိုင်သည်။
(ဂ) အခြေခံပညာအထက်တန်းကို အနည်းဆုံး "ခ"အဆင့်ဖြင့်အောင်မြင်ရမည်။
(ဃ) ကြေးနန်းအပို့ / အယူ အခြေခံတတ်မြောက်ရမည်။
(င) အသက်အတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူကို လျှောက်လွှာနှင့်အတူ ပေးပို့ရမည်။
(စ) ၃၀–၉–၂၀၀၃ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကြီးစေရ။
(ဆ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိဘဲ အကြားအာရုံကောင်းရမည်။
(ဇ) မည်သည့်ဒေသမဆို ဒေသမရွေး သွားရောက်တာဝန် ထမ်းဆောင်နိုင်ရမည်။
(ဈ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အနည်းဆုံး(၇)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက တစ်နေ့လျှင် (၁၀၀)ကျပ်နှုန်းဖြင့် နေ့စားဝန်ထမ်းအဖြစ် ခန့်ထားမည်ဖြစ်ပြီး ရန်ကုန်မြို့ ကြေးနန်းဆက်သွယ်ရေး၊ စာတိုက်သင်တန်းကျောင်းတွင် ကြေးနန်းအပို့/အယူအတွက် သင်တန်းကို (၆–၁၀–၂၀၀၃)နေ့မှ (၁၂–၃–၂၀၀၄)နေ့အထိ တက်ရောက်ကြရမည်။ သင်တန်းတက်ရောက်အောင်မြင်ပါက တစ်နှစ်အစမ်းခန့်ထားပြီး လုပ်ရည်ကိုင်ရည် ကျေနပ်ဖွယ်ရှိမှသာ ဆက်သွယ်ရေး(၃)တွင် အမြဲတမ်းခန့်ထားမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်နေစဉ်အတွင်း မိမိဆန္ဒအလျှောက်နုတ်ထွက်သွားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိခင်ဌာနသို့ ပြန်ပို့ခံရခြင်းများ ပေါ်ပေါက်ပါက သင်တန်းအတွက် ကုန်ကျစရိတ်အားလုံးကို ပေးလျော်စေပြီးမှသာ အလုပ်မှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာများကို လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ (၂၂–၈–၂၀၀၃)ရက်နေ့ နောက်ဆုံးထား၍ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများမှတစ်ဆင့် ပေးပို့ရမည်။

၄။ ရာထူးခန့်ထားရေးအတွက် ကြေးနန်းအပို့/အယူ လက်တွေ့စစ်ဆေးခြင်းကို တစ်မိနစ်လျှင် မြန်မာကြေးနန်းသင်္ကေတ(၁၄)လုံးနှုန်း/အင်္ဂလိပ်ကြေးနန်းသင်္ကေတ(၁၀)လုံးနှုန်း၊ ကိန်းဂဏန်းအတွဲ (၈)လုံးနှုန်းဖြင့် စစ်ဆေးမည်ဖြစ်သည်။

၅။ လက်တွေ့စစ်ဆေးသည့် စာမေးပွဲကို (၂၃–၉–၂၀၀၃)ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ (၁၇–၉–၂၀၀၃)၊ (၁၈–၉–၂၀၀၃) နှင့် (၁၉–၉–၂၀၀၃)နေ့များတွင် လာရောက် သတင်းပို့ရမည်ဖြစ်သည်။ (သတင်းပို့လျှင် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊ အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်လာရမည်။ အဆိုပါစာရွက်စာတမ်းများမပြည့်စုံလျှင် စာမေးပွဲဖြေဆိုခွင့်မပြုပါ။) (တစ်ဦးချင်းထံသို့ အကြောင်းကြားစာပေးပို့မည် မဟုတ်ပါ။) စုံစမ်းလိုသော အချက်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်)စီမံရေးရာဌာန၊ ဖုန်းအမှတ်(၂၄၂၅၉၁) နှင့်(၂၅၄၂၅၅)သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မဟာဝိဇ္ဇာသင်တန်းအတွက်သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၃–၂၀၀၄ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာစကား) ပထမနှစ်သင်တန်းကို ၂၀၀၃ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်ဘာသာစကား) ပထမနှစ်သင်တန်းတက်ရောက်ရန်သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူဖြစ်ရမည်။

၃။ ၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက်အပြည့်အစုံကို ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

အောင်ဆန်း
မော်ကွန်းထိန်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။

ကုန်ကြမ်းပစ္စည်း(၄)မျိုး ဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ
၁။ (က)	Castor Oil B.P (ကြက်ဆူဆီ ဘီ–ပီ)	၁၂၆၅–ကီလို	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ ။
(ခ)	Terpintine Oil B.P (တာပင်တိုင်ဆီ ဘီ–ပီ)	၁၁၀၀–ကီလို	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ ။
(ဂ)	Citric Acid B.P	၇–တန်	အကူဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ရေခါး၊ စစ်ကိုင်းတိုင်း။
(ဃ)	Sodium bicarbonate B.P (ဆိုဒီယမ်ဘိုင်ကာဘွန်နိတ် ဘီ–ပီ)	၁၂၀–တန်	အကူဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ရေခါး၊ စစ်ကိုင်းတိုင်း။

၂။ **ပေးသွင်းရမည့်ကာလ** – (၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း)
၃။ **တင်ဒါပိတ်ရက်** – ၁၂–၈–၂၀၀၃ရက်နေ့ (အင်္ဂါနေ့) မွန်းလွဲ(၂:၀၀)နာရီ

မှတ်ချက်။ ။ အသေးစိတ် အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန်တယ်လီဖုန်းအမှတ် – ၆၆၃၄၈၁) **စက်ရုံမှူး**
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။





အယ်ဖေးရှင်း
ရောင်းမည်

Austrilla မျိုး Zino နှင့် ဆုရအမ Bear တို့မှ ပေါက်သော သားပေါက် (KING SIZE) မျိုးများ ရောင်းရန်ရှိသည်။
သာကေတ၊ မြင်တော်သာလမ်းမကြီး၊ ရုပ်ရှင်ရုံနှင့်နယ်မြေရုံးမှတ်တိုင်ကြား၊ ပင်လယ်ပြာအလှမွေးငါးဆိုင်။

အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးကျော်ဇော [၁၂/သလန(နိုင်)၀၆၅၃၀၇] (ဘ) ဦးကျော်တင့်မှ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်တော်ပိုင်ငွေကြေးဖြင့် ဝယ်ယူထားသော (ပ/၅၀၁၆)(DX Saloon) ကားသည်လည်းကောင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသည့် လက်ရှိ ဦးကျော်တင့် အသုံးပြုလျက်ရှိသော (VAN) မော်တော်ယာဉ်တို့သည်လည်းကောင်း၊ အရှုပ်အရှင်းများရှိနေပါသဖြင့် လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းတစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးကျော်ဇော
B.Sc°(Phy)A.G.T.I.,H.G.P.,B.S.I(Singapore) I.I.C.L(USA)
ဥပဒေအကျိုးဆောင်ရှေ့နေကြီး
အမှတ်(၃၀၀)၊ (၇)လွှာ၊ယာ၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၂၅၆၆၄၀။

အများသိစေရန်

ဒေါ်ခင်သီသီ [၁၃/လရန(နိုင်)၀၃၅၇၆၆]၏ လွှဲအပ်ချက်အရ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ နယ်မြေ(၅)၊ မူကြိုလမ်း၊ ဦးပိုင်အမှတ်(၂/ဃ)၊ ဧရိယာ(၀ဒသမ၁၀၂)ဧကပေါ်ရှိ တစ်ထပ်တိုက်ခံအိမ်နှင့် တကွ လျှပ်စစ်မီး မီတာအပါအဝင်တို့မှာ ဦးစိုင်းထွန်းစိန်အမည်ပေါက်လျက်ရှိသော်လည်း တရားဝင်ဇနီး ဒေါ်ခင်သီသီနှင့် သားသမီး(၄)ဦးတို့လည်း ရှိနေကြပါသည်။

အဆိုပါအိမ်မြေကို မိသားစုသဘောတူညီမှုမရှိဘဲ တစ်ဦးတစ်ယောက်၏ ဆန္ဒအရ ရောင်းခြင်း၊ ပေါင်ခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း ပြုလုပ်ခွင့်မရှိကြောင်း တားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ–
ဦးအောင်သိန်း **(ရုံး) ၁၄၆၊ မြေညီထပ်၊ လမ်း–၄၀၊**
တရားရုံးချုပ်ရှေ့နေ **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

အမှတ်(204/208) ... ☎ 252894, 283359

တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊ နည်းဥပဒေ –၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်–၈၃

ဒေါ်ခင်ကြည်	နှင့်	၁။ဒေါ်ခင်ကြည်
(၎င်း၏အခွင့်ရကိုယ်စားလှယ်		(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်မျိုးမျိုးစိုး)		ဒေါ်မာလာစိုး)
		၂။ဦးမြင့်စိုး
တရားနိုင်		တရားရှုံးများ

အထက်ပါဇာရီမှုတွင် လေလံတင်ရောင်းချရန် ကြော်ငြာခဲ့သော အောက်ဖော်ပြပါပစ္စည်းများ၏ ကြမ်းခင်ဈေးများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

၁။ ၁၁–၇–၂၀၀၃နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)တွင်ပါရှိသော လေလံတင်ရောင်းချမည့်ပစ္စည်း–
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆အယ်လ်)+၁၀(ဘီ)၊ လူနေရပ်ကွက် ဦးပိုင်အမှတ် $\frac{၁၂၂ဘီ}{၁}$ + $\frac{၈ဒီ}{၁}$ မြေအကျယ်အဝန်း (၀ဒသမ၁၄၄)ဧကနှင့် (၀ဒသမ၁၁၇)ဧကနီးပါးခန့်ရှိသော မြေပိုင်မြေနှင့် ၎င်းတို့မြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၁၄/ဘီ)ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(ကြမ်းခင်ဈေး=ကျပ်သိန်း ၆၀၀၀)

၂။ ၁၂–၇–၂၀၀၃နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)တွင်ပါရှိသော လေလံတင်ရောင်းချမည့်ပစ္စည်း–
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီ)၊ လူနေရပ်ကွက် ဦးပိုင်အမှတ်–၈(အိုင်၁)နှင့် ၈(ဘီ၅) စုစုပေါင်း မြေအကျယ်အဝန်း(၀ဒသမ၁၀၂)ဧကရှိသော မြေပိုင်မြေနှင့်တကွ ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၄၈/ဘီ)ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(ကြမ်းခင်ဈေး=ကျပ်ငွေသိန်း ၄၀၀၀)

၃။ ၁၃–၇–၂၀၀၃နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)တွင်ပါရှိသော လေလံတင်ရောင်းချမည့်ပစ္စည်း–
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅–ဒီ၁)၊ လူနေရပ်ကွက် ဦးပိုင်အမှတ်(၂၄)၊ မြောက်ဘက်အစိတ်အပိုင်း၏ တတိယတန်းစား(၂၄)၊ မြေအကျယ် 12'.4"နှင့် 25'.4"အကျယ်အဝန်းရှိသော မြေနှင့်၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၈၄)ဟုအမည်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(ကြမ်းခင်းဈေး=ကျပ်ငွေသိန်း၇၇၅)

၄။ ၁၅–၇–၂၀၀၃နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)တွင်ပါရှိသော လေလံတင်ရောင်းချမည့်ပစ္စည်း–
(၁)ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့၊ စက်တိုင်းကုန်းရပ်၊ ရန်ကုန်–ပြည် ကားလမ်းပေါ်ရှိ အမှတ်(၁၁၇)ဆန်စက်နှင့် ထိုဆန်စက်ဝင်းအတွင်းရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်များအနက်–
(က)တရားလိုလက်ရှိနေထိုင်သည့် နှစ်ထပ်တိုက်ခံအိမ်နှင့် အိမ်တည်ရှိရာ လန–၃၉ ရပြီး၊ မြေ(၀ဒသမ၂၀ဧက)
(ကြမ်းခင်းဈေး=ကျပ်ငွေသိန်း ၁၅၀)
(ခ)အမှတ်(၁၁၇)၊ ဆန်စက်ဝင်း လန–၃၉ရပြီး မြေ ၁၁ဒသမ ၉၂ဧကပေါ်ရှိ ဆန်စက်နှင့်တကွ စက်ရေကန် ၂ကန်၊ ဆန်စက်နှင့်သက်ဆိုင်သော အဆောက်အအုံအရပ်ရပ်။
(၂–တရားပြိုင်လက်ရှိနေအိမ်မပါ)နှင့် ပစ္စည်းထိန်းလက်ဝယ်တွင် စာရင်းရရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်း (၁၈)မျိုး
(ကြမ်းခင်းဈေး=ကျပ်ငွေသိန်း ၆၈၅)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၅ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဘုန်းတော်ပြည့်တံဆိပ်အမှတ်အသား–၃၉၀၇/၂၀၀၃

အထက်ဖော်ပြပါ ဘုန်းတော်ပြည့်ကုန်အမှတ်တံဆိပ်ကို အမွှေးတိုင်၊ ဖယောင်းတိုင်လုပ်ငန်းတွင် အသုံးပြုသည့် ထုပ်ပိုးပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ ဘူး၊ သေတ္တာစသည်များပေါ်၌ ရိုက်နှိပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချရန် ကျွန်ုပ်၏အမှုသည်က ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၇–၇–၂၀၀၃ ရက်နေ့၌ စာချုပ်အမှတ် ၃၉၀၇/၂၀၀၃ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

ဤကုန်အမှတ်တံဆိပ်ပုံစံနှင့် အမည်တူဖြင့် ထုတ်လုပ်ဖြန့်ဖြူးလုပ်ကိုင်နေသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားအပြည့်အစုံနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက စတင်ဖြန့်ဖြူးရောင်းချတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဝင်းလှိုင် LL.B
တရားရုံးချုပ်ရှေ့နေ
(၄၂)၊ သီရိရောလမ်း၊ ၉ဝနရပ်ကွက်၊ သဃ်န်းကျွန်း၊ ဖုန်း–၅၇၇၀၁၁။



ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ –၂၈၃)
ရန်ကုန်တိုင်းတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၁၃)ရုံး၌
၂၀၀၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ် –၂၅၇
(ကွယ်လွန်သူ ဒေါ်ထားရင် ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၂၅)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ထားရင် ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်း လျှောက်ထားသူ ဒေါ်ခင်အေးက အမွေဆက်ခံခွင့်အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်(၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော်၁၃ရက်နေ့)တွင်ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ထားရင်ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးသက်ဆိုင်သူဟု အဆိုရှိသူ မည်သူကိုမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၂၅)ရက် ၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁၃)ရက်နေ့၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်စာဖြင့်သော်လည်းကောင်း၊ လာရောက်အမှုဆိုင်ရန် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်ခင်အေး၏ လျှောက်လွှာအပေါ် စစ်ဆေးစေ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ခုနှစ် ဩဂုတ်လ(၄)ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှတင်
တွဲဖက်တိုင်းတရားသူကြီး(၁၃)
ရန်ကုန်တိုင်းတရားရုံး။

Hepta digital art SERVICE
MAC(APPLE)
VIDEO EDITING
CARD INSTALLATION
no.167/173, room no. A(3), 3rd floor, seik kan thar yeik mon, seik kan thar street (middle block), kyauktada township, yangon. Tel : (951) 379 380
e-mail: hepta@baganmail.net.mm

ဖခင်အမည်မှန်

မြိတ်မြို့ အထက(၁) ဒသမတန်း အတွဲ(၁)၊ (D)ခန်းမှ မယဉ်ယဉ်ထွေး [၆/မမန(နိုင်)၁၄၅၈၀၁၃]၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် [၆/ကသ(နိုင်)၀၂၈၉၈၃]ဖြစ်ပါကြောင်း။

ဦးစိန်မောင်။

ကျေးဇူးဆပ်ပါမည်

၃–၇–၂၀၀၃နေ့ ညနေပိုင်းက ကံဘဲ့လမ်းမကြီး ဦးဖေသိန်း(လျှပ်စစ်)ရှေ့တွင် ကျွန်တော်၏ ပိုက်ဆံအိတ်ကျပျောက်သွားပါ၍ တွေ့ရှိပါက **ဖုန်း –၇၂၀၈၅၃၊ ၀၉ ၈၀ ၂၂၉၇၃ သို့ ဆက်သွယ်ပေးပို့ပါ။**

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုနာ၊ ရင်သားအကျိတ်ဖြစ်သူများ
ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ
သမားတော်ကြီး ဝိဇ္ဇာ–လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အကျိတ်အထူးကု(ဖုန်း–၂၄၈၀၆၄)

* **အထူးသတိ**–စအိုနှင့်စအိုဝန်းကျင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က(စအိုပိတ်၍ စအိုကင်ဆာဖြစ်သည်။ စအိုပိတ်က အသက်အန္တရာယ်ရှိသည်။)
* လိပ်ခေါင်းအတွင်း–အပြင်ထွက်၊ စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျွံပြီး အပြင်စူထွက်၊ ဝမ်းသွားမရ၊ ဂရင်ဂျီနာ၊ စအိုဝ အဖုအသီး၊ သွေးပြည်ထွက်၊ စအိုနာ၊ စအိုကျဉ်း၊ စအိုပိတ်၊ စအိုကင်ဆာ မခွဲမဖြတ် မပူ မစပ် မနာ အပျောက်ကုသည်။ (ဝါရင့်ဆရာမရှိသည်)
* အမျိုးသမီးများရင်သားပေါ် အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က အသက်အန္တရာယ်ရှိသည်။ ရင်သားကင်ဆာအကျိတ်နှင့် အကျိတ်မျိုးစုံ မခွဲမဖြတ် အမြစ်ပြတ်ကုသည်။
* အရေပြားရောဂါ ခရသင်း၊ သမင်ဖြူ၊ နီ၊ ညို၊ မည်း၊ ယောကျ်ား ကာလသားရောဂါနှင့် ပန်းသေ၊ ပန်းညှိုး(ပွဲတွေ့ကုသည်) ဖုန်း–၂၄၈၀၆၄။

ပင်မ–ဝိဇ္ဇာ အမှတ်(၃၃၈)၊ ရွှေဘုံသာအထက်လမ်း၊ အေးရိပ်သာနှင့်ကပ်လျက်–မာလင်မျက်မှန်ဆိုင်၊ ရန်ကုန်။
ပင်မ–ဝိဇ္ဇာ အမှတ်၂၇၃၊ ရွှေဘုံသာအလယ်လမ်း၊ နေဇာဆေးခန်းအပေါ်ထပ်၊ ရန်ကုန်။

အများသိစေရန်နှင့် ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ အမှတ်(၉၅/က)တွင် တည်ရှိသော INTERNATIONAL BEVERAGES TRADING CO., LTD. မှ အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် **(၄/၇၁၀၇/၂၀၀၂)**အရ တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

GRAND ROYAL

မှတ်ပုံတင်အမှတ် –၄/၇၁၀၇/၂၀၀၂

အထက်ဖော်ပြပါ GRAND ROYAL တံဆိပ်အမှတ်အသားကို INTERNATIONAL BEVERAGES TRADING CO.,LTD.မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်သော စားသောက်ကုန်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်ထုတ်လုပ်မှုအမျိုးမျိုး၊ ရေသန့်ထုတ်လုပ်ခြင်း၊ စာရေးကိရိယာပစ္စည်းမျိုးစုံ၊ တိုင်းရင်းဆေးပစ္စည်းမျိုးစုံ၊ဆော်ဒါ၊ အသင့်သောက်သုံးရန် အဖျော်ယမကာမျိုးစုံ အစရှိသည်တို့ကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးပေါ်တွင် အသားတံဆိပ်များဖြင့်ကပ်နှိပ်၍ ကိုယ်တိုင်ထုတ်လုပ်ဖြန့်ချိရောင်းဝယ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်တံဆိပ်အမည်အမှတ်အသားကို INTERNATIONAL BEVERAGES TRADING CO.,LTD.၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူကူးယူခြင်း၊ သွယ်ဝိုက်၍တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်သုံးစွဲခြင်း၊ ၎င်းအမှတ်အသားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ တုပပြုလုပ်ပြီး၊ ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းဝယ်၊ လက်ဝယ်ထားရှိသူမည်သူ့ကိုမဆို တွေ့မြင်သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

INTERNATIONAL BEVERAGES TRADING CO., LTD. ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ထူးထူးလွင် [B.Sc.,H.G.P., Diploma in Business Law.]
ဥပဒေအကျိုးဆောင်နှင့်ကုမ္ပဏီဥပဒေအကြံပေး
အမှတ်(၁၇/က)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၃၅၃၉၅။

[illegible]

ဝိဇ္ဇာ - အထူးကုဆေးခန်း

[illegible]

တာခေမြို့နယ်မှာ လမင်းသာပြီ

[illegible]

Ruby Car Rental
☎ 725317, 650823
Saloon [illegible] Van, Hilux, Publica [illegible]

